# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင်မာနိတ အား မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

ရန်ကုန် မေ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ် အပါး(၂၁)တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

### ကြွရောက်တော်မူ

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓမ္မ ဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ (၇၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲတွင် သဘောရေးဖြေအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး


စာမျက်နှာ ၄ ကော်လံ ၁ ❁


## ယနေ့ ဖတ်စရာ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ ပြည်တွင်းသတင်း စာ - ၁၀

ပညာရှာရမယ့်အချိန် ပညာရှာဖို့ ကျောင်းသွားကြစို့ ဆောင်းပါး စာ - ၂၄

# ကိုဗစ်-၁၉ နောက်က မျောက်ကျောက်ရောဂါ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ခြင်းနှင့်အညီ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမှာ နေ့စဉ် ၁ ရာခိုင်နှုန်း၏ အောက်တွင် ရောက်ရှိနေပြီဖြစ်သည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် ရှိနေဆဲဖြစ်ပြီး ပြည်ပနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်၏ နောက်ထပ်မျိုးကွဲသစ်များ ကူးစက်မှုဖြစ်ပေါ်နေသည်ကို သတိပြုကြရမည်ဖြစ်သည်။ ထို့အပြင် အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် နောက်ထပ် ထွက်ပေါ်လာသည့် မျောက်ကျောက် (monkeypox) ရောဂါ ကူးစက်မှုအခြေအနေမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တပ်လှန့်နှိုးဆော်လိုက်ရသည့် အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှု အားကောင်းလာသည်နှင့်အမျှ ရောဂါကူးစက်ပျံ့နှံ့မှုမှာလည်း လျော့နည်းကျဆင်းလာသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ရောဂါကူးစက်ခံရပါက သေဆုံးရနိုင်သည့် အခြေအနေကို လျှော့ချပေးနိုင်ပြီး ရောဂါပြင်းထန်မှုကိုလည်း လျှော့ချပေးနိုင်သည်။ သို့ရာတွင် ကာကွယ်ဆေးထိုးနှံထားပြီးသူများအနေဖြင့် လူစုလူဝေးများအကြား သွားလာရာတွင် ပါးစပ်နှာခေါင်းစည်း မဝတ်ဆင်ဘဲ အကာအကွယ်မဲ့နေခြင်း၊ လက်ဆေးကြောမှု မပြုလုပ်ခြင်း စသည်ဖြင့် ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများကို မချိုးဖောက်ဘဲ ဆက်လက်ကျင့်သုံးကြရန် လိုအပ်သည်။ ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးပြီး နိုင်ငံတကာမှ ခရီးသည်များ ပြည်တွင်းသို့ ဝင်ရောက်လျက်ရှိရာ ပါးစပ် နှာခေါင်းစည်း ဝတ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် မကြာမကြာ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာ နေထိုင်ခြင်း ကဲ့သို့သော စည်းကမ်းချက်များသည် မျောက်ကျောက်ရောဂါ ကဲ့သို့သော ရောဂါမျိုးကိုပါ ကာကွယ်နိုင်ခြင်းကြောင့် နေအိမ်ပြင်ပသို့ သွားလာသူများ မပျက်မကွက် ဆက်လက်ကျင့်သုံးသင့်ကြသည်။

မျောက်ကျောက်ရောဂါသည် ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခြင်း၊ နီးကပ်စွာဆက်ဆံခြင်းနှင့် အသက်ရှူလမ်းကြောင်း၊ နှာခေါင်း၊ ပါးစပ်၊ မျက်စိတို့မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ကူးစက်ခြင်းဖြစ်ပြီး တိရစ္ဆာန်များမှတစ်ဆင့် လူသို့လည်း ကူးစက်သည်ဟုဆိုသည်။ ရောဂါကူးစက်ခံထားရသည့် လူ၏ အဝတ်အစား၊ အိပ်ရာ၊ စောင်၊ ခေါင်းအုံးများမှတစ်ဆင့်လည်း ကူးစက်နိုင်ကြောင်း သိရသည်။ မျောက်ကျောက်ရောဂါ ကူးစက်ခံရပါက ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ဖောရောင်ခြင်းတို့ ဖြစ်ပေါ်ခံစားရပြီး ဆက်လက်၍ အဖုအပိမ့်များ လက်၊ ခြေ၊ မျက်နှာ၊ ခန္ဓာကိုယ်အနှံ့တွင် ပေါက်လာသည်။ ၎င်းအဖုအပိမ့်များက ယားယံနာကျင်ကာ အနာများဖြစ်လာပြီး ၎င်းအနာများ ပျောက်ကင်းသွားချိန်တွင် အမာရွတ်များ ခန္ဓာကိုယ်အနှံ့တွင် ကျန်ရစ်ခဲ့မည်ဖြစ်သည်။ မျောက်ကျောက်ရောဂါသည် ကူးစက်ရောဂါဖြစ်သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုလောက် မပြင်းထန်ဟုဆိုသည်။ သို့ရာတွင် လူသေဆုံးနိုင်သည့် ရောဂါဖြစ်ခြင်းကြောင့် လည်းကောင်း၊ ရောဂါပိုး မျိုးဗီဇပြောင်းသွားပြီး ပြင်းထန်သွားနိုင်ခြင်းကြောင့်လည်းကောင်း ပေါ့ဆစွာသဘောမထားကြရန် ပညာရှင်များက တိုက်တွန်းထားသည်။

မျောက်ကျောက်ရောဂါ စတင်တွေ့ရှိလာရသည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်၊ နယ်သာလန်၊ အီတလီ၊ ဩစတြေးလျ စသည့်နိုင်ငံများ ဖြစ်ကြပြီး သံသယလူနာတွေ့ရှိသည့် နောက်ထပ်နိုင်ငံများလည်း ပေါ်ထွက်လာနေသည်။ ကျန်းမာရေးစောင့်ရှောက်မှု အားကောင်းသည့် နိုင်ငံများတွင် အာဖရိကမှ မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှုက ကြိုတင်ကာကွယ်တားဆီးခြင်းသည် ကုသခြင်းထက် ပိုမိုအရေးပါသည်ကို သက်သေထူနေသည်။ မမေ့မလျော့ မပေါ့ဆသော သတိတရားဖြင့် ကူးစက်ရောဂါအပေါင်းတို့ကို ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင် အားကစားကွင်း၌ ပြုလုပ်သည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများ၊ အမျိုးသားရေးဆရာတော်များ၊ ငြိမ်းချမ်းရေးကို လိုလားသူ ပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြု၍ နိုင်ငံတော်သီချင်းကို သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် ငြိမ်းချမ်းရေးကိုလိုလားသူ အမျိုးသားရေးဦးဆောင် ဆရာတော်များနှင့် စာရေးဆရာ၊ ဆရာမများက ငြိမ်းချမ်းရေး ကြိုးပမ်းမှုလုပ်ငန်းများကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက် နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲပြုလုပ်ရသည့် အကြောင်းနှင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီ တို့သွားမည်ဟူသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာတော်များဦးဆောင်၍ ငြိမ်းချမ်းရေး ချိုးဖြူငှက်များကို အထိမ်းအမှတ်အဖြစ် လွှတ်ပေးကြသည်။ ဆက်လက်၍ ငြိမ်းချမ်းရေး လိုလားသူပြည်သူများက **"ပြည်ထောင်စု မပြိုကွဲရေး-ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး- ဒို့အရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး- ဒို့အရေး၊ ပြည်ပစွက်ဖက်မှု အန္တရာယ် ဆန့်ကျင်တိုက်ဖျက်ရေး- ဒို့အရေး၊ ငြိမ်းချမ်းရေး ပျက်ပြားအောင် ဖျက်ဆီးနေသူများ ကျဆုံးရေး- ဒို့အရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီး အောင်ရမည်"** စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ထောက်ခံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီပေါမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ သာယာလှပပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ဖြစ်ထွန်းရေးနှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၁ ရက်က မြို့ဟောင်း(ဝိန်းကောင်)ကျေးရွာ ရှမ်းစာပေနှင့်ယဉ်ကျေးမှုရုံး ဝန်းကျင်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းခြေတို့တွင် နှစ်ရှည်ပင်များ၊ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဇမ်ဆွမ်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံရွာသူ ရွာသားများက ကျွန်း၊ ယမနေ၊ စိန်ပန်းပင်၊ မဲဇလီနှင့် အခြားပျိုးပင်ပေါင်း ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်သည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်ပင်ချစ်သူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့၊ ပရဟိတအသင်းများ တပ်ရင်းတပ်ဖွဲ့များအလိုက် အခမဲ့ဖြန့်ဝေပေးနိုင်ရေး သစ်ပင်စိုက်ကွင်းများ၊ သစ်တောကြိုးဝိုင်းများတွင် ပျိုးဥယျာဉ် သုံးနေရာတို့၌ ပျိုးပင်ပေါင်း ၁၃၂၇၀၀ တို့ကို ပျိုးထောင်ထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှာငံမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရွှာငံ မေ ၂၂

ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာငံမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရွာမရပ်ကွက် ရွှေပွင့်လန်း ဘုရားဝင်း၌ ကျင်းပသည်။

ဦးစွာ ရွှာငံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သစ်ပင်များ စိုက်ပျိုးရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ရွှာငံမြို့နယ် သစ်တောဦးစီးမှူးက အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းနီ၊ စိန်ပန်းပြာနှင့် ခါတော်မီ စုစုပေါင်း ပျိုးပင် ၃၀၀ စိုက်ပျိုးခဲ့သည်။ ရွှာငံမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၂ ခုနှစ် လူထုဖြန့်ပျိုးပင် ၁၄၀၀၀ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ရာ ဇွန်လတွင် ပျိုးပင်များကို လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**ရွှာငံ (ပြန်/ဆက်)**

# (၇၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော သာရဏီယ သြဝါဒကထာ


{၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ မေလ ၂၂ ရက်)တနင်္ဂနွေနေ့}

(၇၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူကြသည့် ပိဋကနှစ်ပုံခွဲ ရေးဖြေအောင် **မူလအဘိဓမ္မကောဝိဒ** တစ်ပါး၊ ပိဋကနှစ်ပုံရေးဖြေအောင် **ဒီဃနိကာယ ကောဝိဒ** တစ်ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် **ဝိနယကောဝိဒ** ခုနစ်ပါး၊ ဝိနည်းရှေ့ပိုင်းရေးဖြေအောင် **ဥဘတောဝိဘင်္ဂကောဝိဒ** ၁၁ပါးတို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့အား ဝမ်းမြောက်ဖွယ်ရာ အမှတ်ရဖွယ်ရာဖြစ်သော သမ္မောဒနီယ သာရဏီယ သြဝါဒကထာ မြွက်ကြားလိုပါသည်– **ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိ တာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧကပုဂ္ဂလော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ** အစရှိသည်ဖြင့် (အံ၊၁၊၂၀) ၌ မိန့်ကြားတော်မူပါသည်။

ရဟန်းတို့ လောက၌ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်ထွန်းပေါ်ပေါက်လာသည်ရှိသော် လူအများ အစီးအပွားအလို့ငှာ လူအများချမ်းသာခြင်းငှာ လောကကို အစဉ်သနား စောင့်ရှောက်ခြင်းငှာ နတ်လူတို့၏အကျိုးများရန် အစီးအပွားများရန် ချမ်းသာခြင်းငှာ ဖြစ်ထွန်းပေါ်ပေါက်တော်မူ၏။ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားပင်တည်း။

ဤလောကသား လူအများသည် ဆင်းရဲကို ဆင်းရဲမှန်းမသိ ဆင်းရဲကြောင်း အလုပ်များကို လုပ်နေ၍လည်း ဆင်းရဲကြောင်း အလုပ်တွေပဲဟူ၍ မသိကြ၊ ကုသိုလ် အကုသိုလ်မှန်းလည်း မသိမမြင်နိုင်ကြပေ။ လောကကြီးသည် မောဟ အမှောင်ဖုံးနေသည့် အမိုက်တိုက်လောကကြီးဖြစ်သည်။ အဝိဇ္ဇာအမှောင်ထုကြီး ဖုံးနေသည့် လောကကြီးထဲမှာ မြတ်စွာဘုရားရှင် ပွင့်တော်မူလာသဖြင့် ဤတရားကား အပြစ်မရှိ ချမ်းသာသော အကျိုးကိုပေးခြင်းလက္ခဏာရှိသည့် ကုသိုလ်တရားဖြစ်၏။ ဤတရားကား အပြစ်နှင့်တကွဖြစ်ပြီး ဆင်းရဲသော အကျိုးပေးခြင်း လက္ခဏာရှိသည့် တရားဖြစ်၏ စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ထို့ပြင်လည်း ဤသဘောတရားများသည် ဧကန်စင်စစ် ဆင်းရဲသော သဘောတရားများပဲ၊ ဤတရားများသည် ဆင်းရဲကြောင်းအမှန်တရားများပဲ၊ ဤတရားများသည် ဆင်းရဲချုပ်ရာ ချမ်းသာမှန်တရားပဲ၊ ဤတရားများသည် ဆင်းရဲချုပ်ရာ ချမ်းသာသော သဘောတရားကို ဆိုက်ရောက်စေနိုင်သည့်အမှန်တရားပဲ စသည်ဖြင့် သစ္စာလေးပါး တရားတော်ကို ဟောကြားတော်မူလိုက်သဖြင့် အချို့သော ဝေနေယျသတ္တဝါများမှာ အဝိဇ္ဇာအမှောင် လုံးဝကင်းရှင်းပြီး ဝိဇ္ဇာအလင်းရောင် ကောင်းကောင်း ရသွားကြပေသည်။ အချို့သော သတ္တဝါတွေမှာ



ဝိဇ္ဇာအလင်းရောင်ကောင်းကောင်းရသော်လည်း အဝိဇ္ဇာအမှောင် နည်းပါးကာ ရေးရေးယောင်ယောင် မြင်လာတတ် ကြပေသည်။ ဒါကြောင့် မြတ်စွာဘုရားရှင် ပွင့်တော်မူလာခြင်းဟာ နေမင်းကြီး လမင်းကြီး ထွက်ပေါ်လာသလိုဖြစ်ပြီး ကြာမြင့်စွာသော ကာလပတ်လုံး လူ နတ် ဗြဟ္မာ သတ္တဝါတို့ စီးပွားချမ်းသာဖို့ဖြစ်ပါပေသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် တရားတော်များကို ရတနာခြင်းတောင်းထဲ၌ သဘောတူရာ စုပေါင်း၍ထည့်လိုက်လျှင် ဝိနည်း သုတ္တန် အဘိဓမ္မာ ပိဋကတ်ဟူ၍ ပိဋကသုံးပုံဖြစ်လာပါသည်။ ဤပိဋကတ်တရားမြတ်တို့ကို သင်ယူအပ်သောကြောင့် ပရိယတ္တိဟုခေါ်ပါသည်။ ပိဋကတ်သုံးပုံလာ တရားဓမ္မတို့ကို သိရှိမှတ်မိအောင် ကျက်ဆောင်သင်ယူခြင်းကိုလည်း ပရိယတ္တိဟုခေါ်ပါသည်။

ဤပရိယတ္တိတရားတော်များက ရှောင်ကြဉ်ရန်နည်းလမ်း၊ ကျင့်ကြံရန်နည်းလမ်း၊ နှလုံးသွင်းသိရှိလိုက်နာရန် နည်းလမ်းများကို ညွှန်ကြားထားပါသည်။ ပရိယတ္တိတရားတော်က ညွှန်ကြားသည့်အတိုင်း လိုက်နာကျင့်ကြံပွားများခြင်းကို ပဋိပတ္တိဟု ခေါ်ပါသည်။ ပဋိပတ္တိအစွမ်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အသိထူးများ ရရှိသွားခြင်းကို ပဋိဝေဓဟုခေါ်သည်။ ထို့ကြောင့် သာသနာတော် သုံးရပ်တွင် ပရိယတ္တိသည် အခြေခံမူလပဓာနကျပါသည်။ သစ်ပင်ကြီးတစ်ပင်မှာ အမြစ်မရှိလျှင် ပင်စည် အကိုင်းအခက်များ အကြာအရှည် မတည်နိုင်သကဲ့သို့ အပွင့်အသီးများလည်း ဝေဝေဆာဆာမရှိနိုင်ပါ။ ထို့အတူ သာသနာတော် သုံးရပ်မှာလည်း ပရိယတ္တိမှ မရှိလျှင် ပဋိပတ္တိသာသနာ ပဋိဝေဓသော သနာတို့သည်လည်း မတည်ရှိနိုင်ပါ။

ရေကန်ကြီးဥပမာနှင့် ပြောရမည်ဆိုပါက ကန်ပေါင်ရိုးသာ မရှိလျှင် ရေကန်ထဲမှာရှိသည့် ရေတွေ ကြာတွေဟာ ကြာကြာမတည်နိုင်ပါ။ ရေမရှိလျှင်လည်း ကြာပင် ကြာပန်းများ မပေါက်ရောက်နိုင်ပါ။ ဤဥပမာအတိုင်း ပရိယတ္တိက ကန်ပေါင်ရိုးနှင့်တူပါသည်။ ပဋိပတ္တိက ရေနှင့်တူပါသည်။ ပဋိဝေဓက ကြာပင် ကြာပန်းတွေနှင့် တူပါသည်။ ထို့ကြောင့် ပဋိပတ္တိဆိုသည့် ရေကြည်ရေအေးများ၊ ပဋိဝေဓဆိုသည့် ကြာပင်ကြာပန်းများနှင့် လှပတင့်တယ်ပြီး တည်ရှိနေဖို့ဆိုသည်မှာ ပရိယတ္တိဆိုသည့် ကန်ပေါင်ရိုးကြီး ခိုင်ခိုင်ခံ့ခံ့ရှိဖို့ လိုအပ်ပါသည်။

ကန်ပေါင်ရိုးကြီးကတော့ ခိုင်ခိုင်ခံ့ခံ့ရှိပါ၏။ သို့သော် ကန်ထဲ၌ ရေလည်းမရှိ၊ ကြာပင်လည်းမရှိလျှင် ခြောက်သွေ့နေသည့် ရေကန်ကြီးသည် တင့်တင့်တယ်တယ် မရှိသည့်အတွက်ကြောင့် မည်သူမျှလည်း စိတ်ဝင်စားမှုမရှိ၊ ရေကိုလည်း မချိုးရ မသောက်ရသဖြင့် အကျိုးမရှိသကဲ့သို့ ထို့အတူ ကန်ပေါင်ရိုးနှင့်တူသည့် ပရိယတ္တိတစ်ခုတည်းသာရှိမည်ဆိုလျှင် ပဋိပတ္တိဆိုသည့် ရေကြည် ရေအေးလည်း မသောက်ရ၊ ပဋိဝေဓဆိုသည့် ကြာဖူး ကြာပန်းများလည်း မပွင့်နိုင်သည့်အတွက် သာသနာတော်ကြီးဟာလည်း တင့်တယ်စွာ တိုးပွားစည်ပင်နေမည် မဟုတ်ပေ။

ထို့ကြောင့် (၇၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ကြသည့် အရှင်မြတ်များအား ရေများတည်တံ့ဖို့ ကန်ပေါင်ရိုးကြီးကို ခိုင်ခိုင်ခံ့ခံ့ရှိအောင် ကြာပွင့် ကြာပန်းများနှင့် လှပဝေစည် တင့်တယ်နေအောင် ဆက်လက်ကြိုးစားအားထုတ်ကြဖို့ သတိပေးတိုက်တွန်းစကား လျှောက်ထားလိုပါသည်ဘုရား။

သာသနာတော်ကို ထောက်ပံ့လှူဒါန်းကြသည့် နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ ဒါယိကာမ အပေါင်းတို့ကတော့ ဥယျာဉ်မှူးနှင့် တူပါသည်ဘုရား။ ဥယျာဉ်မှူးဟာ သစ်ပင်များကို ရေမလောင်းဘဲ ရေပြတ်အောင်ထားလျှင် သစ်ပင်များသည် ညှိုးနွမ်းခြောက်သွေ့သွားပြီး ရေကို အဆမတန်လောင်းပြန်လျှင်လည်း ရေဓာတ်များပြီး သေသွားတတ်ပါတယ်ဘုရား။

ထိုနည်းတူစွာပင် သာသနာတော်ကို ထောက်ပံ့ရာမှာ ရေပြတ်သည့် သစ်ပင်များလိုလည်း မဖြစ်ရအောင် ရေဓာတ်များပြီး သေသွားသည့် သစ်ပင်များကဲ့သို့ မဖြစ်ကြရလေအောင် ပြုစုထောက်ပံ့ပါက မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့ကာ ဆရာ ဒကာ ညီညာလက်တွဲ၍ ဆင်းရဲဆုံးရာ ချမ်းသာအမှန် မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြပါစေဟူ၍ ပတ္ထနာပြုရင်း သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။

သတင်းစဉ်

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သော တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)သည် ယနေ့တွင် ဘုတ်ပြင်းမြို့နယ် မသေကျေးရွာအုပ်စုရှိ ဝါးကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၁၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာရောဂါ ၄၃၆ ဦး၊ ခွဲစိတ်ရောဂါ ၁၃၄ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၀၃ ဦး၊ ကလေးရောဂါ ၉၈ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၉၂ ဦး၊ မျက်စိရောဂါ ၈၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၁ ဦး စုစုပေါင်း ၁၁၁၇ ဦးကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၄၃ ဦး၊ မျက်စိခွဲစိတ်လူနာ ၂၁ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၈၄ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၉၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင် မိခင်တစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည့်အပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူ ခုနစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်၌ ဆေးရုံတင်ကုသပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ဧည့်ပရိသတ်တို့က တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❁ ရွှေဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

## ငါးပါးသီလ ခံယူဆောက်တည်

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူသည်။

စာမျက်နှာ ၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး ပိဋကတ်နှစ်ပုံသဘော ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင်အာစာရာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ - ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် (၇၄) ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇနည် အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြရာ ပိဋကတ်နှစ်ပုံခွဲ သဘောရေးဖြေအောင်မြင်တော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင်မာနိတအား မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လည်းကောင်း၊ ပိဋကတ်နှစ်ပုံ သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင် အာစာရာလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုးက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အဖွဲ့ဝင်များ စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြစဉ်။

**အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း**

ထို့နောက် ပိဋကတ်တစ်ပုံ သဘောရေးဖြေအောင်မြင်တော်မူသဖြင့် ဝိနယ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇနည် အရှင်မြတ် ၇ ပါး၊ ဝိနည်းပထမပိုင်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနဓဇနည် အရှင်မြတ် ၁၁ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်လှူဒါန်းကြသည်။



ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

**အနုမောဒနာတရားနာယူ**

ယင်းနောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရမဟာထေရ်မြတ်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယခု ကျင်းပပြီးစီးခဲ့သည့် (၇၄)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအထိ (၇၄) နှစ်တာကာလအတွင်း တိပိဋကရေ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်ရ သာသနဓဇနည်အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကရေ ပိဋကတ်သုံးပုံအာဂုံဆောင် သာသနဓဇနည် အရှင်သူမြတ် ၆ ပါး ပေါ်ထွန်းခဲ့ပြီး သာသနာ့အကျိုးကို ဆက်လက်သယ်ပိုး ဆောင်ရွက်တော်မူလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၇၇၈၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၄၂၄၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၄၁၂၀ တို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ ကလေးငယ်များတွင် မကြာခဏ သွေးလွန်တုပ်ကွေးရောဂါ တွေ့ရှိရသဖြင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ၏ ဦးဆောင်မှုဖြင့် အပတ်စဉ် စနေနေ့တိုင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ဖုံး သွန် လဲ စစ်လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဒေါက်တာမွန်စိုးရီနှင့် ကျန်းမာရေးဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက်များ၊ သွေးလွန်တုပ်ကွေးရောဂါ တွေ့ရှိသော ကလေးငယ်၏နေအိမ်နှင့် အိမ်ပတ်လည်ကိုက် ၁၀၀ အတွင်းရှိ နေအိမ်များ၌ သိုလှောင်ထားသော သောက်သုံးရေကန်များအတွင်းသို့ အဘိတ်ဆေးများ ခတ်ပေးခြင်း၊ အိမ်တွင်းအိမ်ပြင်ရှိ ရေထည့်ထားသည့် ရေစည်ရေအိုးများအား ဖုံးအုပ်ပေးခြင်း၊ သောက်ရေ၊ သုံးရေအိုးခွက်များ၊ ရေစည်ရေအိုးများ၊ ပန်းအိုးအတွင်းပိုင်းကို ပွတ်တိုက်ဆေးကြော၍သွန်ပစ်ခြင်း၊ ပိုးလောက်လမ်းတွေ့သောရေကို ရေစစ်၍ လဲလှယ်ပြောင်းထည့်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နိုင်လင်း(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေသုဝဏ် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်ဩဝါဒါစရိယ ရွှေသုဝဏ် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရာမ ရွှေသုဝဏ် ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသဒ္ဓိယ မဟာထေရ်မြတ်ကြီးသည် မေ ၂၁ ရက် (စနေနေ့) နံနက် ၁ နာရီ မိနစ် ၄၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

## အလှူငွေများ ပေးအပ်လှူဒါန်း

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၌ ပူဇော်ထားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ဝဲပုံ)

## ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အန္တိမအဂ္ဂိစျာပန ကျင်းပရေး ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား ပြုလုပ်မည့်အခြေအနေများကို လျှောက်ထားဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နှစ်စပါးကေ ၈၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး ယာယီဖြူးချောင်းပိတ် လုပ်ငန်းတည်ဆောက်ရေး မြေနေရာသို့ ကြည့်ရှုစစ်ဆေး

**ဖြူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ဖြူးမြို့နယ် သဖန်းတန်းကျေးရွာအနီး နှစ်စပါးကေ ၈၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး ယာယီဖြူးချောင်းပိတ် လုပ်ငန်း တည်ဆောက်ရေး မြေနေရာသို့ ကြည့်ရှုစစ်ဆေးရှိပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးနိုင်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ အုပ်စု ဦးသန်းနိုင်၏ ဆင်းသုခမျိုးစပါး စံပြကွက် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုပြီး နှစ်စပါး တစ်ကေ တင်း ၁၈၀ ကျော် ထွက်ရှိသည့် GW11 စပါးမျိုးကို ဒေသနှင့်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးကာ ခိုင်မာပြီးဈေးကွက်ရှိစပါးမျိုးများ တိုးချဲ့စိုက်ပျိုးသွားရေး၊ သွင်းအားစု လျှော့ချသုံးစွဲနိုင်ရေး၊ မြေယာဓာတ်ခွဲစမ်းသပ်ခြင်းနှင့် သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် အသိပညာပေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး တောင်သူများအား နေကြာမျိုးစေ့များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံတက်လူနာများ၊ လူနာစောင့်များ၊ ကျန်းမာရေး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး Oxygen Plant ပြင်ဆင်နိုင်ရေး၊ ဆေးရုံတွင်း /ပြင် သန့်ရှင်းသပ်ရပ်စေရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ အမှတ် (၂) ရပ်ကွက် မြို့ရိုးဟောင်းပေါ်ရှိ ပြတိုက်ဟောင်းနေရာနှင့် ကျုံးအနောက်ဘက်ခြမ်း အပန်းဖြေ ဥယျာဉ်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ မြေနေများတွင် ကျူးကျော်မှုမရှိစေရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ ဆုတောင်းပြည့် ရွှေဆံတော်စေတီတော်သို့ သွားရောက်ဖူးမြော်ကန်တော့ခဲ့ပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ဘက်စုံပြုပြင် မွမ်းမံနိုင်ရေး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုး

**ဘူးသီးတောင် မေ ၂၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဘူးသီးတောင်–မောင်တောသွားရာ လမ်းအကောက်ခွန်ကင်းစခန်းဝင်းအတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၂ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၁ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းနိုင်နှင့်ဝန်ထမ်းများက ပျိုးပင်များပေးအပ်ရာ ဘူးသီးတောင် တပ်နယ်မှူးဗိုလ်မှူးကြီး ထွန်းထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းနှင့် တာဝန်ရှိသူများ လက်ခံရယူခဲ့ကြပြီး သတ်မှတ်နေရာများတွင် ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးပေးကြသည်။

အဆိုပါမိုးရာသီအကြို သစ်ပင်စုစုပေါင်း ၂၅၀ တို့အားဘူးသီးတောင် တပ်နယ်မှူး ဗိုလ်မှူးကြီး ထွန်းထွန်းဝင်းနှင့် အရာရှိ၊ အရာခံ၊ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)တွင် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက ဆေးရုံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဆေးကုသမှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း စတင်ဖွဲ့စည်းတည်ထောင်ခြင်း (၁၁) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

နေပြည်တော် မေ ၂၂

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် သည် ယမန်နေ့ညနေပိုင်းတွင် နေပြည်တော် ဥတ္တရသီရိဟိုတယ်၌ ကျင်းပသည့် နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း စတင်ဖွဲ့စည်းတည်ထောင်ခြင်း (၁၁) နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းအခမ်းအနားနှင့် အသင်းသားစုံညီ မိတ်ဆုံညစာစားပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်အား အစိုးရဌာနများရုံးစိုက်ရာ မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် စတင်တည်ထောင်ခဲ့စဉ်တွင် ဟိုတယ်များ ဆယ်ဂဏန်းပင် မပြည့်ခဲ့သော်လည်း ယခုအခါတွင် အစိုးရ-ပုဂ္ဂလိက-ပြည်သူ အားလုံး ဟန်ချက်ညီစွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၉၇ လုံး၊ အခန်းပေါင်း ၆၃၆၀ ခန့် အထိ တိုးတက်ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ (Commercial Flight)ကို ဧပြီ ၁၇ ရက်မှစတင်၍ ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့ပြီးနောက်ပိုင်းတွင် ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လျက်ရှိပါကြောင်း၊ ယခုအခါ ကမ္ဘာလှည့်ခရီးသည်များအား e-Visa လျှောက်ထားမှုကို မေ ၂၀ ရက်မှ စတင်ခွင့်ပြုပေးလျက်ရှိသည့်အတွက်ကြောင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာတော့မှာဖြစ်သည့်အတွက် နေပြည်တော်ရှိ ဟိုတယ်များအနေဖြင့် အဆင်သင့်ဖြစ်နေစေရေးအတွက် ပြင်ဆင်ထားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ပြင်ဆင်ကြရာတွင် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေသော ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုလက်မှတ် (HSP) များအား ဒေသအဆင့် ရယူခြင်းအပြင် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များကိုပါ ရယူထားကြရန် လိုအပ်မည်ဖြစ်ရာ ကျန်းမာရေးအသိ သတိဖြင့် လုပ်ဆောင်ကြရန် အရေးကြီးပါကြောင်း။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဟိုတယ်/မိုတယ်/တည်းခိုရိပ်သာများအနေဖြင့်လည်း ဧည့်သည်များ လက်ခံကြရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် တည်းခိုနေထိုင်ခွင့်ပေးခြင်းအပြင် နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသော တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များအား လိုက်နာသွားကြရန် လိုအပ်ပါကြောင်း၊ ၎င်းအပြင် ဝန်ကြီးဌာနက ဧည့်စာရင်းတိုင်ကြားမှုစနစ် အဆင်ပြေချောမွေ့စေရေးအတွက် ရည်ရွယ်ပြုလုပ်ထားရှိသော Hotel Guest List Management System ကိုလည်း ကျင့်သုံးကြရန် တိုက်တွန်းလိုပါကြောင်း၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာဖြင့် အားလုံးဝိုင်းဝန်း ပူးပေါင်းပါဝင်ပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက အသင်းဖွဲ့စည်းတည်ထောင်ခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းဥက္ကဋ္ဌတို့က အသင်းဖွဲ့စည်းခဲ့မှု သက်တမ်းအလိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အသင်းကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သူအားလုံး၏ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၂၂

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့တွင် ၉ ဒသမ ၇၂ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၆ ဒသမ ၈၂ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၆ ဒသမ ၇၈ လက်မ၊ မြဝတီမြို့တွင် ၆ ဒသမ ၃၈ လက်မ၊ ကျိုက်ဒုံမြို့တွင် ၆ ဒသမ ၀၀ လက်မ၊ မြိတ်မြို့တွင် ၅ ဒသမ ၃၅ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၈၈လက်မ၊ ပိုင်ကျုံမြို့တွင် ၄ ဒသမ ၈၅ လက်မနှင့် ကော့ကရိတ်မြို့တွင် ၃ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရေဘေးသင့်ပြည်သူများ၊ မွန်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

## မွန်ပြည်နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများ၊ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၊ သဘာဝဘေးအန္တရာယ်ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုး၊ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မွန်ပြည်နယ် ဝန်ကြီးချုပ်ဦးဇော်လင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၀ ရက်မှစ၍ လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ၊ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများ၊ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယနေ့ နေ့လယ်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

### ရေဘေးရှောင်ပြည်သူများအားကူညီ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေရာချထားမှု၊ ပြည်နယ်အစိုးရနှင့် နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ ရေဘေးရှောင်ပြည်သူများအား ကူညီဆောင်ရွက်ပေးနေမှု အခြေအနေ၊ ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတား၊ အဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ရေဘေးရှောင်ပြည်သူများအားလိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အခက်အခဲများကိုဖြေရှင်းပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် မေ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သည့် မုန်တိုင်းငယ်ကြုံတွေ့မှုတွင် ပြည်နယ်အစိုးရ၏ မှန်ကန်သောစုဖွဲ့မှု၊ ကောင်းမွန်သည့် ဇာတ်တိုက်လေ့ကျင့်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ၂၄ နာရီအတွင်း ဖြစ်ပေါ်ခဲ့သည့် ပြဿနာအခက်အခဲများကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် သဘာဝဘေးအန္တရာယ်အပေါ် ပြည်နယ်အစိုးရ၏ ဖြေရှင်းဆောင်ရွက်မှုကို မျက်မြင်ကြည့်ရှု၍ လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသခံပြည်သူများအား အားပေးစောင့်ရှောက်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် Video conferencing ဖြင့် တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သဘာဝဘေးသင့်ပြည်သူများအတွက် ဆန်၊ အိမ်ဆောက်ပစ္စည်းများ၊ ထောက်ပံ့ငွေများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

### သတိပေးစနစ် ခွဲခြားထား

မုန်တိုင်းအန္တရာယ်ကို နားလည်သဘောပေါက်လွယ်စေရန် အရောင်ငါးမျိုးဖြင့် သတိပေးစနစ်ကို အဆင့်လိုက်ကြိုတင်သတင်းထုတ်ပြန်မှုများ ပြုလုပ်ခဲ့ကြောင်း၊ သိရှိပြီးဖြစ်သော်လည်း ပိုမိုဂရုပြုမိစေရန် ရှင်းပြလိုကြောင်း၊ အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်နှင့် ပင်လယ်တွင် အလုပ်သွားရောက်လုပ်ကိုင်သည့် ရေလုပ်သားများအား သတိပေးရန်ဖြစ်ကြောင်း၊ လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်ဖြစ်ကြောင်း၊ အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့် နေရာများသို့ ပြောင်းရွှေ့နေရာယူရန်ဖြစ်ကြောင်း၊ အညိုရောင်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် နေရာတွင် ခိုလှုံပြီးစီးရန်ဖြစ်ကြောင်း၊ အစိမ်းရောင်အဆင့်သည် မုန်တိုင်း အားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း၊ သတိပေးစနစ်အဆင့်အတန်းခွဲခြားထားသည့် အရောင်အညွှန်းများကို ပြည်သူများသိရှိနားလည်ရန်အတွက် ပညာပေးရန် လိုအပ်သလို လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်လျှင် ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်း၍ စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ စီမံချက်များရေးဆွဲရာတွင် နာဂစ်ဆိုင်ကလုန်း မုန်တိုင်း၊ ဂီရိမုန်တိုင်း၊ တာလေငလျင်၊ ကလေး-ကလေးဝမြို့ မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်ရေကြီးရေလျှံမှုစသည့် အတွေ့အကြုံများကို အခြေခံ၍ ရေးဆွဲထားပြီး ဒေသအလိုက်ဖြစ်ပေါ်တတ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ကြောင်း၊သဘာဝဘေးအန္တရာယ်ဟူသည် တားဆီးရန်မဖြစ်နိုင်သဖြင့် မဖြစ်မီက ကြိုတင်ပြင်ဆင်စုဖွဲ့ထားခြင်း၊ ဇာတ်တိုက်လေ့ကျင့်ထားခြင်းနှင့် ဖြစ်ပေါ်လာပါက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ဖြစ်ပွားပြီးပါကလည်း နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးများအတွက် ကြိုတင်မျှော်တွေး၍ ပြင်ဆင်ထားရန်လိုကြောင်း၊ ဥပမာအနေဖြင့် မုန်တိုင်းနှင့်အတူ ထူးကဲဒီရေတက်ခြင်းဖြစ်ပေါ်တတ်ပြီး ရေကျချိန်တွင် အညစ်အကြေးများကျန်ရှိခြင်း၊ မှက်၊ ခြင်၊ ယင်များမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်ပေါ်တတ်ခြင်း၊ မသန့်ရှင်းသည့်ရေကြောင့် ရောဂါဖြစ်စေခြင်းတို့ ရှိလာနိုင်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသင့်ပြင်ဆင်စုဖွဲ့ထားရှိသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို လိုက်လံကြည့်ရှုစဉ်။**

### ရာသီဥတုဖောက်ပြန်မှု

သဘာဝဘေးအန္တရာယ်သည် မိမိတို့တစ်နိုင်ငံတည်းသာလျှင် ခံစားနေရခြင်းမဟုတ်ကြောင်း၊ ကမ္ဘာနှင့်အဝန်း နိုင်ငံအသီးသီးတွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖြစ်ပွားလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်တို့ ဖြစ်ပေါ်ရခြင်းအကြောင်းတစ်ချက်အနေဖြင့် ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်အလွန်အကျွံ ထုတ်လွှင့်မှုများကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေပြီး ဖန်လုံအိမ်နိယာမအရ အိုဇုန်းလွှာများ ပေါက်ပြဲခြင်းမှတစ်ဆင့် ကမ္ဘာကြီး၏ပူနွေးမှု အရှိန်မြင့်တက်စေကာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများဖြစ်ပေါ်၍ နောက်ဆက်တွဲအဖြစ် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကို ကျရောက်စေခြင်းဖြစ်ကြောင်း၊ Climate Change နှင့်ပတ်သက်၍ နိုင်ငံကြီးများ၏ ခေါင်းဆောင်များအနေဖြင့် အကောင်းဆုံး ကျော်လွှားနိုင်ရန် ငြင်းခုံဆွေးနွေးအဖြေရှာနေကြဆဲဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝတရားအရ တားဆီးရန်၊ ရပ်တန့်ရန် မဖြစ်နိုင်သည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်မှာ ကြိုတင်ပြင်ဆင်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဘေးအန္တရာယ် ဖြစ်ပေါ်လာပါက စီမံချက်အတိုင်း လုပ်ဆောင်ခြင်းနှင့် နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ကြိုတင်သတ်မှတ်၍မရဘဲ တားဆီးရန်ခက်ခဲသော သဘာဝဘေးအန္တရာယ်များကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ပြည်သူလူထု၊ အထောက်အကူအဖွဲ့များ၊ ပရဟိတအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**❐ ကြိုတင်သတ်မှတ်၍မရဘဲ တားဆီးရန် ခက်ခဲသော သဘာဝဘေးအန္တရာယ်များကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၊ ပြည်သူလူထု၊ အထောက်အကူအဖွဲ့များ၊ ပရဟိတအဖွဲ့များ အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းနိုင်မည်**

### ထောက်ပံ့ငွေများပေးအပ်

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်အတွင်း သဘာဝဘေးသင့်ပြည်သူများအား ဆန်နှင့်အိမ်ဆောက်ပစ္စည်းများ၊ ထောက်ပံ့ငွေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက မွန်ပြည်နယ်ရှိ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သဘာဝဘေးသင့်ပြည်သူများအတွက် ဆန်၊ အိမ်ဆောက်ပစ္စည်းများ၊ ထောက်ပံ့ငွေများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သဘာဝဘေး ထိခိုက်သူများကိုယ်စား ချောင်းဆုံမြို့နယ် ဆယ်ပလာကျေးရွာမှ ဦးမောင်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

### ထောက်ပံ့တန်ဖိုး သိန်းပေါင်း ၄၀၀ ကျော်

ယနေ့တွင် မွန်ပြည်နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့သည့် ပြည်သူများအား ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများ၊ ထောက်ပံ့ငွေများအပါအဝင် ထောက်ပံ့ပေးအပ်ခဲ့သည့် တန်ဖိုးမှာ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၄၀၀ ကျော် ဖြစ်ကြောင်း သိရသည်။

ထို့နောက် သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားပြီး အသင့်ပြင်ဆင်စုဖွဲ့ထားရှိသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကမ်းနားလမ်း၊ ကျောက်မီးသွေးလမ်းဆုံ၊ တောင်ဝိုင်းနှင့် ကန်ညီနောင်နေရာများသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မော်လမြိုင်မြို့ ဖက်ခင်းလမ်းနှင့် တောင်ဝိုင်းလမ်းများတွင် ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရန်အတွက် ဟောင်သရောမြစ်နှင့် အတ္တရံမြစ် မြစ်ဆုံရာနေရာများရှိ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်နေရာများနှင့် ဆောင်ရွက်ဆဲနေရာများသို့ ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၊ RCSS အတွင်းရေးမှူး-၁ ဗိုလ်မှူးကြီး စိုင်းငင်း၊ RCSS ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဗိုလ်မှူးကြီး ဆောင်းဟန်တို့ တက်ရောက်ကြသည်။

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါသဘောတူညီချက်များနှင့်ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍လည်းကောင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ် ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များအား ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြပြီး RCSS အဖွဲ့မှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် မေ ၂၂**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့ကို ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် မော်လမြိုင်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြသည်။

မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများက ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရစသည့်စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း ကြိုဆိုကြသည်။ (ဝဲပုံ) **သတင်းစဉ်**

## မြေပုံမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ် လူနေအိမ်၊ အဆောက်အအုံနှင့်ငါးဖမ်းစက်လှေများပျက်စီး

**မြေပုံ မေ ၂၂**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ရပ်ကွက် /ကျေးရွာအုပ်စုများတွင် မေ ၂၁ ရက် မွန်းလွဲပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ အဆောက်အအုံများနှင့် ငါးဖမ်းစက်လှေများ ပျက်စီးဆုံးရှုံးခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်/ ကျေးရွာအုပ်စု ၁၆ အုပ်စုရှိ ကျေးရွာ၂၀မှ ဓနိမိုး၊ ဝါးထရံကာလူနေအိမ် ၄၀ ပြိုလဲပျက်စီးပြီး တစ်စိတ်တစ်ပိုင်းပျက်စီးသည့် လူနေအိမ် ၃၄၉ အိမ်၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအမိုး/ အကာပျက်စီး၊ အခြေခံပညာကျောင်း ငါးကျောင်း အမိုး/အကာပျက်စီး၊ လွန်းလုံးပိုက်တိုက်နယ်ဆေးရုံ ခေါင်မိုးပျက်စီး၊ ပြင်င/ခူချောင်းကျေးရွာအနီး 10M လျှပ်စစ်မီးတိုင် တစ်တိုင် ပြိုလဲပျက်စီးနှင့် ငါးဖမ်းစက်လှေ အစင်း ၄၀ နစ်မြုပ်ပျက်စီးကာ လူနှင့် တိရစ္ဆာန်သေဆုံးမှုမရှိကြောင်း သိရသည်။

ထို့အပြင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ရပ်ကွက်/ ကျေးရွာအုပ်စုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်း(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်ခဲ့သည့် ငါးဖမ်းလှေပေါ်မှ လှေလုပ်သားများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မေ ၂၁ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မြိတ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၂၀ ဒသမ ၅ မိုင်ခန့်အကွာ၌ ရေဝင်နစ်မြုပ်ခဲ့သည့် ရွှေရစံအမည်ရှိ ငါးဖမ်းလှေပေါ်မှ လှေလုပ်သား ငါးဦးကို ကယ်ဆယ်ထားသည့် အောင်ပြည့်စုံ -၂၇ အမည်ရှိ ငါးဖမ်းလှေထံမှ မိမိရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်ခဲ့သည်။

အဆိုပါ လှေလုပ်သားများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး၍ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးပြီး သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံနိုင်ရေးလိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံသို့ တက်ရောက်အမှာစကားပြောကြား

## အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်”ဆိုသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဆောင်ပုဒ်နှင့်အညီ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့်ရပ်တည် လှုပ်ရှားသွားနိုင်ကြပါစေ




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် ညီလာခံသို့တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ လေးနှစ်တွင်တစ်ကြိမ် ကျင်းပရသည့် ယခုလို တတိယအကြိမ်ညီလာခံတွင် နိုင်ငံတစ်ဝန်းမှ စုဝေးရောက်ရှိလာကြသည့် ညီလာခံကိုယ်စားလှယ်များကို ဆုံတွေ့ရသည့်အတွက် အလွန်ပင်ဝမ်းသာ ပီတိဖြစ်ရပါကြောင်း။

မြန်မာနိုင်ငံ စာရေးဆရာအသင်းသည် နိုင်ငံအကျိုးပြု သုတ၊ ရသစာပေများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ စာပေလောကသား အချင်းချင်း၏ စည်းလုံးညီညွတ်မှုခိုင်မာရေးကို တိုးမြှင့်ဆောင်ရွက်ရန် ၊ စာပေလောကသားအားလုံး၏ သာရေး နာရေး ကိစ္စများကို ကူညီဆောင်ရွက်ရန်၊ ဂန္ထဝင်စာပေနှင့် ခေတ်ပြိုင်စာပေများကို စာဖတ်ပရိသတ် လက်ဝယ်သို့ ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် ရပ်တည်လှုပ်ရှားခဲ့ရာ တတိယအကြိမ် ညီလာခံကျင်းပနိုင်သည့် အခြေအနေအထိ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ ညီလာခံသို့တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများနှင့် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

### အသင်းသူ အသင်းသားများကို ဂုဏ်ပြု

အသင်း၏ ရည်ရွယ်ချက်လေးရပ်ကိုကြည့်လျှင် မွန်မြတ်လှသည့် ဦးတည်ချက်များဖြစ်သည့် အလျောက် ထိရောက်ပေါက်မြောက် အောင်မြင်အောင် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက စွမ်းဆောင်နိုင်ရည်ရှိသည်မှာ သိသာနေပါကြောင်း။ တတိယအကြိမ် ညီလာခံတွင် တင်သွင်းထားသည့် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ ဖော်ပြချက်အရ မြို့နယ်ပေါင်း ၂၀၂ မြို့နယ်တွင် အသင်းဝင်ပေါင်း ၅၁၅၁ ဦးကျော်ရှိနေကြောင်း သိရသည့်အတွက် အားတက်ဂုဏ်ယူစရာကောင်းလှပါကြောင်း။ ထို့အပြင် အသင်းသူ အသင်းသားများ၏ သာရေး၊ နာရေး ကိစ္စရပ်များ၊ စာပေဆိုင်ရာ ရပိုင်ခွင့်များ၊ မူပိုင်ခွင့်များ၊ စာတမ်းဖတ်ပွဲများ၊ မျိုးဆက်သစ်များအတွက် စာရေးနည်း အခြေခံသင်တန်းများ၊ နိုင်ငံတကာ စာပေနှင့် မြန်မာစာပေ အပြန်အလှန်ဖလှယ်ခြင်း၊ ဆွေးနွေးခြင်း၊ နိုင်ငံတကာ ကဗျာရွတ်ဆိုပွဲများတွင် တက်ရောက်ရွတ်ဆိုကြခြင်း၊ မဲခေါင်စာပေဆုရကြခြင်း ၊ (၁၀)ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်ဝင့်ထည်စွာ လက်ခံကျင်းပနိုင်ခြင်း၊ နိုင်ငံတော်အဆင့်နှင့် ဌာနဆိုင်ရာ၊ အဖွဲ့အစည်း၊ ပုဂ္ဂလိက စာပေ၊ စာမူပြိုင်ပွဲများတွင် ဆုစိစစ်ရွေးချယ်ရေး တာဝန်များကို ပါဝင်ထမ်းဆောင်ခြင်း၊ အသက် (၈၀) နှင့် (၈၀) အထက် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော် ကန်တော့ပွဲ ကျင်းပခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သတင်းမီဒီယာကောင်စီတွင်လည်း ပါဝင်ထမ်းဆောင်ခြင်း၊ နိုင်ငံတော်အခမ်းအနားများတွင် တက်ရောက်ဂုဏ်ပြုခြင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ အသင်းကြီး၏ သဘောထားကြေညာချက်များ ထုတ်ပြန်ပြီး နိုင်ငံတော်၏ အကျိုးပြုဆောင်ရွက်ချက်များကို ထောက်ခံအားပေးခြင်း၊ ကျရာကဏ္ဍကနေပြီး တက်တက်ကြွကြွ တာဝန်ကျေပွန်စွာထမ်းရွက်ခြင်း စသည့်အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြောင်း သိရသည့်အတွက် အားရကျေနပ်မှုနှင့်အတူ အသင်းကြီးနှင့် အသင်းသူ အသင်းသားများကို ဂုဏ်ပြုအပ်ပါကြောင်း။

ယခု တတိယအကြိမ်ညီလာခံတွင် တင်သွင်းထားသည့် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ်(၆)ရပ်အနက် ဒုတိယရှေ့လုပ်ငန်းစဉ်ဖြစ်သည့် **“မြန်မာနိုင်ငံစာရေးဆရာအသင်းသည် ပါတီနိုင်ငံရေးဂိုဏ်းဂဏကင်းသည့် လူမှုရေးစာပေအဖွဲ့အစည်းစစ်စစ်အဖြစ်၊ ဒီမိုကရေစီစနစ်နှင့်အညီ ရပ်တည်သွားရန်”** ဆိုသည့် ရှေ့လုပ်ငန်းစဉ်သည် အသင်း၏ စည်းလုံးညီညွတ်မှုကို အထောက်အကူပြုသလို နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းကင်း၊ အမြင်ရှင်းရှင်းနှင့် သန့်ရှင်းစွာ ပံ့ပိုးကူညီနိုင်ကြမည် ဖြစ်ပါကြောင်း။ ယင်းရှေ့လုပ်ငန်းစဉ်ကို ကြိုဆိုဂုဏ်ပြုလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ **“ အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေ ဂုဏ်ကိုမြှင့်”**ဆိုသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဆောင်ပုဒ်နှင့်အညီ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့်ရပ်တည် လှုပ်ရှားသွားနိုင်ကြပါစေ၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး) က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ နံနက်ပိုင်းက ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကို ဒုတိယပိုင်းအစီအစဉ်အဖြစ် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက် အတွင်းရေးမှူး ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က ဖတ်ကြားသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌဒေါ်ချိုချိုတင်(မစန္ဒာ)က ဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ်က ကျင်းပခဲ့ပြီး လေးနှစ်သက်တမ်း ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပရမည်ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ညီလာခံနှစ်ခုအကြား၌ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးများကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ကြုံတွေ့ခဲ့ရသော အခက်အခဲအကျပ်အတည်းများအားလုံးကို ဆွေးနွေး၊ ဖြည့်စွက်၍ ပြင်ဆင်မှုများကို တင်သွင်းသွားမည်ဖြစ်ရာ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေး၊ အကြံပေး၊ အတည်ပြုပေးကြရန်ဖြစ်ကြောင်း၊ မေးမြန်းချက်များကို ဗဟိုအမှုဆောင်ကော်မတီမှ ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေး၊ အကြံပေးသွားမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်များ ပြီးဆုံးပါက ညီလာခံသက်တမ်းသည် ကုန်ဆုံးသွားပြီဖြစ်ရာ ဗဟိုအမှုဆောင်ကော်မတီဝင်အသစ်များကို ပြန်လည်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ရွေးချယ်ရာတွင် လူမှန်၊ နေရာမှန်ဖြစ်ရန်လိုအပ်ပြီး မြန်ဆန်စွာပြီးစီးရန် တက်ရောက်လာကြသော ကိုယ်စားလှယ်များက ရွေးချယ်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် အသင်းဖွဲ့စည်းပုံစည်းမျဉ်း ပြင်ဆင်ချက်တို့ကို မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)ကတင်သွင်းသည်။

ဆက်လက်၍ အစီရင်ခံစာများနှင့် စာတမ်းများကို ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးအကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုအမှုဆောင် ကော်မတီအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် မြို့နယ်စွမ်းဆောင်ရည်ဆုကို မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုတင်(မစန္ဒာ)က တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဝင်တို့ထံ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကွယ်လွန်သွားကြသော သက်ကြီးစာပေပညာရှင်များနှင့် စာရေးဆရာအသင်းဝင်တို့အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားပြီး အသင်းအတွင်းရေးမှူး ဦးညွန့်တင်( မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ၌ တင်ပြချက်များကို ဆုံးဖြတ်ချက် ချမှတ်ကာ သဘာပတိ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်ချိုချိုတင် (မစန္ဒာ)က နိဂုံးချုပ် စကားပြောကြားသည်။

### ဗဟိုအမှုဆောင်ကော်မတီများ ရွေးချယ်

ထို့နောက် တတိယပိုင်းအစီအစဉ်အဖြစ် မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် သက်တမ်းကာလအတွက် ဗဟိုအမှုဆောင်ကော်မတီများ ရွေးချယ်တင်မြှောက်ခြင်းကို ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌအဖြစ် ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုးမြင့် (စိုးမှူး)၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြတ်စိုး( မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)၊ တွဲဖက်အတွင်းရေးမှူး (၂) မောင်မောင်ကြည် (ရေနံ့မြေမောင်မောင်ကြည်)၊ တွဲဖက်အတွင်းရေးမှူး (၃)ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)၊ ဘဏ္ဍာရေးမှူး ဦးအေးမင်း (ဒေါက်တာ အောင်ထက်- ဆေး၁)၊ စာရင်းစစ်ခေါင်းဆောင် ဦးညွန့်လှိုင် (မောင်မောင်ညွန့်လှိုင်) နှင့် ပြန်ကြားရေးမှူးဦးတင်အောင်ရွှေ (ဒေါက်တာတင်အောင်ရွှေ)တို့ကို မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များအဖြစ် ရွေးချယ်တာဝန်ပေးသည်။

ယင်းနောက်ဥက္ကဋ္ဌဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ အခမ်းအနား အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၂**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့် အခြားဆက်စပ်မြို့များတွင် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်နေသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားသမားအဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာ့လေကြောင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အနုပညာရှင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ ရဲထွန်းနောင် (+၇၀)ကီလို၊ ဝူရှူး အားကစားနည်းမှ သိန်းသန်းဦး (နန်းကွန့်) တုတ်ရှည်၊ ပီတန်း အားကစားနည်းမှ ခင်ချယ်ရီသက် (Women Shooting)၊ ပြိုင်ပွဲအသီးသီးမှ ငွေတံဆိပ်ဆုရရှိသူများ၊ ကြေးတံဆိပ်ဆုရရှိသူများနှင့်အတူ စစ်တုရင်၊ E-Sports၊ အမျိုးသမီးဘောလုံး၊ အမျိုးသား ဘော်လီဘော အားကစားနည်းတို့မှ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးများ ပြန်လည်လိုက်ပါလာကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မေ ၂၂ ရက်အထိ ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခြောက်ခု၊ ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ Kurash အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ ပီတန်း အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ဂျူဒို အားကစားနည်းမှ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ ပြေးခုန်ပစ် အားကစားနည်းမှ ငွေတံဆိပ် နှစ်ခု၊ သေနတ်ပစ် အားကစားနည်းမှ ငွေတံဆိပ် နှစ်ခု၊ ကနူး/ကယက် အားကစားနည်းမှ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် ခြောက်ခု၊ တိုက်ကွမ်ဒို အားကစားနည်းမှ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ အပြည်ပြည်ဆိုင်ရာ လှေလှော် အားကစားနည်းမှ ကြေးတံဆိပ် သုံးခု၊ လက်ဝှေ့အားကစားနည်းမှ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု၊ မြားပစ်အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု၊ အလေးမ အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ၁၈ ခုနှင့် ကြေးတံဆိပ် ၃၅ ခု ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။




ဗိုဗီနမ်အားကစားနည်း၌ ရွှေတံဆိပ်ဆုရ ကစားသမားများနှင့် မြန်မာအားကစားအဖွဲ့။

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း ထိုင်းနိုင်ငံ၌ လေ့ကျင့်ကာ ခြေစမ်းပွဲနှစ်ပွဲ ကစားမည်

**ရန်ကုန် မေ ၂၂**

မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ လေ့ကျင့်မှု ပြုလုပ်နေပြီး နိုင်ငံတကာ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အကြိုပြင်ဆင်မှုများပြုလုပ်ရန် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး မေ ၂၂ ရက် ညနေပိုင်းမှစတင်ကာ ထိုင်းနိုင်ငံ၌ လေ့ကျင့်မှု ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အသင်းတွင် ဂိုးသမား- ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ၊ ထွန်းနန္ဒဦး၊ နောက်တန်း - ကျော်ဇင်လွင်၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ ငြိမ်းချမ်း၊ ရဲမင်းသူ၊ ဒေးဗစ်ထန်း၊ ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဇော်ရဲထွန်း၊ အလယ်တန်း- လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ အောင်နိုင်ဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ ဆွမ်လန်မန်၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ ထက်ဖြိုးဝေ၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်မျိုးခန့်၊ ရှေ့တန်း- အောင်ကောင်းမာန်၊ သန်းပိုင်နှင့် ဝင်းနိုင်ထွန်းတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် အသင်းကို နည်းပြချုပ် အန်တွမ်နီဟေးက ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်းထားပြီး ယင်းခြေစမ်းပွဲများ အပြီးတွင် အပြီးသတ်လူစာရင်း ထုတ်ပြန်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲများအဖြစ် မေ ၂၄ ရက်တွင် ဟောင်ကောင် လက်ရွေးစင်အသင်းနှင့် Training Match လေ့ကျင့်ခြေစမ်းပွဲ၊ မေ ၂၇ ရက်တွင် ဘာရိန်း လက်ရွေးစင်အသင်းနှင့် ဖီဖာ (A) အဆင့် နိုင်ငံတကာ ခြေစမ်းပွဲတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားတတိယအဆင့်ခြေစစ်ပွဲတွင် အိမ်ရှင် ကာဂျစ္စတန်၊ တာဂျီကစ္စတန်၊ စင်ကာပူအသင်းများနှင့် အုပ်စု(F)၌ ကျရောက်နေသည်။ မြန်မာအသင်းသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Alpine Training Camp တွင် လေ့ကျင့်မှုများ ပြုလုပ်ကာ ခြေစမ်းပွဲများ ကစားပြီးနောက် ဇွန် ၃ ရက်တွင် အာရှခြေစစ်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားရန် ကာဂျစ္စတန်နိုင်ငံသို့ ဆက်လက် ထွက်ခွာမည်ဖြစ်သည်။ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်း ဗိုလ်စွဲ

**ရန်ကုန် မေ ၂၂**

(၃၁) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၂ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ အိမ်ရှင် ဗီယက်နမ်အသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တတိယနေရာလုပွဲတွင် အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ ပွဲချိန်အတွင်း တစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ အင်ဒိုနီးရှားအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗီယက်နမ်အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲတွင် အမှားအယွင်းမရှိ ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲ မရှိ၊ ပေးဂိုးမရှိဘဲ ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအနေဖြင့် ရွှေတံဆိပ် ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဗီယက်နမ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၃ မိနစ်တွင် မန်ဒူနမ်က သွင်းယူခဲ့သည်။ ဗီယက်နမ်အသင်းသည် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ဆီးဂိမ်းရွှေတံဆိပ်ဆုကို သုံးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသား ဘောလုံးပြိုင်ပွဲ အပြီးတွင် ဗီယက်နမ်အသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ကြေးတံဆိပ် ရရှိခဲ့သည်။

**ရဲရင့်လွင်**

# အောင်ပွဲရနိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ယူဝမ်းမြောက်စွာကြိုဆို

တွေ့ဆုံမေးမြန်း- ညိမ်းသူ၊ ဓာတ်ပုံ- လှမိုး


ဒေါ်ဖြိုးပိုပိုထွေး


ဦးမြင့်စိုးအောင်


ဦးလေးသန်းကြွယ်


ဒေါ်ခင်လှိုင်


ဒေါ်တင်မိုး

ရန်ကုန် မေ ၂၂

**(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ အားကစားနည်း ၄၀ ဖြင့် လက်ခံကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။**

အဆိုပါပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများသည်လည်း ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများရရှိခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ တာဝန်ရှိသူများ၊ အားကစားကို ချစ်မြတ်နိုးသော ပြည်သူအပေါင်းနှင့် မိသားစုဝင်များက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့်ပတ်သက်ပြီး ပြည်သူတို့၏ ရင်တွင်းပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။

**ဒေါ်ဖြိုးပိုပိုထွေး (အားကစားဝါသနာရှင်)**

အခုလို နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေကို လာရောက်ကြိုဆိုရတာ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ အားကစားမှာ ပထမဆုဆိုတာ အောင်မြင်တဲ့ တစ်သင်းတည်းအတွက်ပဲ ရှိတာကြောင့် ကံ၊ ဉာဏ်၊ ဝီရိယနဲ့ပေါင်းစပ်ပြီး ပန်းတိုင်ကို ရောက်ရှိတာဖြစ်တဲ့အတွက် ခုရခဲ့တဲ့ ရလဒ်ကိုလည်း ဝမ်းပန်းတသာ ကြိုဆိုပါတယ်။ ရွှေတံဆိပ်များစွာပိုင်ဆိုင်ရမယ်ဆိုတဲ့ စိတ်နဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ အားကစားသမားအားလုံးကို ကြိုဆိုအားပေးရတဲ့အပေါ် ဂုဏ်ယူတယ်။ အမျိုးသမီး ဘောလုံးအသင်းဆိုရင် တော်ပါတယ်။ သူတို့စွမ်းသလောက် ကြိုးစားခဲ့ကြတာကိုတွေ့ရမှာပါ။ ပြီးတော့ သူတို့လေးတွေ ဒီနေရာမှာရပ်နေကြမှာ မဟုတ်ပါဘူး။ နောက်တစ်ပွဲနဲ့ ကြားပွဲတွေ ပြင်ဆင်နေကြမှာပါ။ လေ့ကျင့်ရေးကာလအတွင်းမှာ သူတို့တွေ ခွန်အားဖြစ်အောင် အားလုံးဝိုင်းဝန်း အားပေးဖို့လည်း လိုပါတယ်။

ဘောလုံးအသင်းများ ကိုလည်း ကြားကာလမှာ မြန်မာပြည်သူတွေနဲ့ ပြန်လည်တွေ့ဆုံခွင့်ရစေတဲ့ ပြိုင်ပွဲတွေကို တခမ်းတနား ကျင်းပစေလိုပါတယ်။ မြန်မာ့ဘောလုံးကို ချစ်တဲ့ပြည်သူတွေအနေနဲ့ အမျိုးသား အမျိုးသမီးဘောလုံးအသင်းပြိုင်ပွဲတွေကို တစ်ခဲနက် အားပေးသွားမှာပါ။ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပွဲမှာ အားကစားသမားတွေကို ပံ့ပိုးထောက်ပံ့မှုဟာ အားရကျေနပ်စရာပါ။ ပြိုင်ပွဲမသွားမီကတည်းက အောင်မြင်မှုရရင် ဘယ်လိုပံ့ပိုးသွားမယ်ဆိုတာ သတင်းတွေမှာလည်း မြင်ရမှာပါ။ ဒါကြောင့် နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ယခုအတိုင်းဆက်ပြီး ထိန်းနိုင်မယ်ဆိုရင် နောင်လာမယ့်ပွဲတွေမှာ မြန်မာနိုင်ငံအနေနဲ့ ဆုပေါင်းများစွာ ဆွတ်ခူးနိုင်မယ်လို့ ရဲရဲကြီး ပြောရဲပါတယ်။

**ဦးမြင့်စိုးအောင် (နဂါးနီရှမ်းအိုးစည်အဖွဲ့- တောင်ဒဂုံ)**

နိုင်ငံ့ဂုဏ်ဆောင် အမျိုးသား အမျိုးသမီး အားကစားသမားအားလုံးကို ကြိုဆိုခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အားကစားကို ချစ်မြတ်နိုးတဲ့ နိုင်ငံသားတွေ ဖြစ်တာကြောင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ တစ်နှစ်ထက်တစ်နှစ်ပိုပြီး ဆွတ်ခူးရရှိနိုင်ပါစေ။ ရလည်းရစေချင်ပါတယ်။ ကျွန်တော်အပါအဝင် ပြည်သူအပေါင်းကလည်း နိုင်ငံ့အတွက် ဆွတ်ခူးခဲ့တဲ့ ရွှေတံဆိပ်ဆုရှင်များနဲ့ အားကစားသမားများ အားလုံးကို လေးစားဂုဏ်ပြုပါတယ်။ ထာဝရလည်း အားပေးနေပါတယ်။ တစ်နှစ်ထက်တစ်နှစ် ရွှေတံဆိပ်များစွာ ဆွတ်ခူးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ မြန်မာ့ဂုဏ်ဆောင် အားကစားသမားအားလုံး ကျန်းမာရွှင်လန်းကြပါစေ။

**ဦးလေးသန်းကြွယ် (ကြည့်မြင်တိုင်မြို့နယ်)**

ကျွန်တော်တို့ရပ်ကွက်က အားကစားဝါသနာပါတယ်။ အားလည်းပေးတယ်။ အားကစားသမားလည်း များတယ်။ ဆီးဂိမ်းပြိုင်ပွဲအပြန်မှာ မြန်မာအသင်းအနေနဲ့ ဘယ်လိုပဲ ရင်ဆိုင်ခဲ့ရခဲ့ရ အားပေးရမယ်ဆိုတဲ့ စိတ်နဲ့ ကျွန်တော်တို့ရပ်ကွက်က လူ ၁၀၀ ကျော် လာရောက်ကြိုဆိုကြတာပါ။ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေကို သွားကြိုကြမယ်ဆိုတာနဲ့ ကိုယ်စီကိုယ်စီ လိုက်လာခဲ့ကြတာပါ။ မြန်မာ့အားကစားသမားတွေ ပြည်ပကို သွားရောက်ယှဉ်ပြိုင်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက ပြည်သူအပေါင်းက ၂၄ နာရီ ကြည့်ရှုအားပေးနေကြပါတယ်ဆိုတာ သတင်းစကားလည်း ပါးချင်ပါတယ်။

မြန်မာနိုင်ပြီဆိုတာနဲ့၊ ဘောလုံးပွဲမှာ ဂိုးတစ်ဂိုး သွင်းလိုက်တာနဲ့ ရပ်ကွက်တုန်ဟည်းသွားတဲ့အထိ အားပေးနေကြတယ်ဆိုတာ မြန်မာအားကစားသမားတွေကို ပြောချင်ပါတယ်။ သူတို့လည်း ကိုယ့်နိုင်ငံကိုယ်စားပြုပြီး ယှဉ်ပြိုင်ခဲ့ကြတာပါ။ နောက်ပွဲစဉ်များမှာလည်း မြန်မာအားကစားသမားများ အနေနဲ့ ယခုထက်ပိုပြီး ရွှေတံဆိပ်ဆုတွေပိုက်ပြီး အမိနိုင်ငံကို ပြန်လာဖို့ အားပေးနေပါတယ်။ မြန်မာ့အားကစားကို ကျွန်တော်တို့ပြည်သူတွေ အစဉ်အားပေးနေတယ်ဆိုတာ သိစေလိုပါတယ်။ အခုလိုကြိုဆိုခွင့်ရတာကို အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူပါတယ်။

**ဒေါ်ခင်လှိုင် (တောင်ဒဂုံမြို့နယ်)**

အမေ့အသက် ၆၄ နှစ် ရှိပြီ။ အမေတို့နိုင်ငံရဲ့ ဂုဏ်ကိုဆောင်တဲ့သားသမီးတွေကို ကြိုဆိုဖို့ရောက်နေတာပါ။ အခုလို ကြိုဆိုရတာ အားရကျေနပ်တယ်။ သူတို့ဗီယက်နမ်နိုင်ငံမှာ ပြိုင်ပွဲဝင်နေစဉ်မှာ အမေတို့ ပွဲစဉ်တိုင်း အားပေးတယ်။ အထူးသဖြင့် ဘောလုံးပွဲပေါ့။ အမေပြောမယ်။ ဘောလုံးအားကစားသမားအားလုံး ဘာမှအားမငယ်နဲ့။ နောက်ပြိုင်ပွဲတွေမှာ နိုင်ကိုနိုင်ရမယ်။ ဒီစံချိန်ကို ထိန်းထားပြီး ပိုပြီးအားထည့်လိုက်ရင် မြန်မာ့အားကစား အာဆီယံထိပ်တန်းရောက်သွားစေရမယ်။ နိုင်ငံတော်ကလည်း ပိုပြီးထောက်ပံ့ပေးသွားမယ်လို့ထင်တယ်။ ဘာမှအားမငယ်နဲ့။ အမေနဲ့ဘောလုံးကို ချစ်တဲ့ပြည်သူတွေ အားပါးတရ အမြဲအားပေးနေတယ်။ နိုင်ငံတိုးတက်ဖို့ဆိုရင် စီးပွားရေးတစ်ခုတည်း မဟုတ်ဘူး။ အားကစားကဏ္ဍ ထွန်းကားဖို့လည်းလိုတယ်။ အားပေးတဲ့ ပြည်သူရှိတယ်။ ပံ့ပိုးပေးမယ့် နိုင်ငံတော်ရှိတယ်။ ဘာလိုသေးလဲ။ အခုလိုအသက်အရွယ်မှာ သားတို့ သမီးတို့ကို လာပြီးကြိုဆိုတာဘာကြောင့်လဲသိလား၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ချစ်လို့ပေါ့ကွယ်။

**ဒေါ်တင်မိုး (အမှတ် (၅) အထက်တန်းကျောင်း- မင်္ဂလာဒုံမြို့နယ်)**

ကျောင်းပညာရေး မှာလည်း အားကစားနဲ့တွဲပြီး လူငယ်မျိုးဆက်သစ် အားကစားသမားတွေ ပေါ်ထွန်းလာအောင် ကြိုးစားနေကြပါတယ်။ အခုလို ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ဆိုတာ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေ များစွာပေါ်ထွန်းဖို့ လိုပါတယ်။ အဲဒါကို အခြေခံပညာကျောင်းများနဲ့ အားကစားဝန်ကြီးဌာနက ဆောင်ရွက်နေပါတယ်။ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ သူတို့လေးတွေ စွမ်းစွမ်းတမံကြိုးစားခဲ့ကြတာကို တွေ့ရမှာပါ။ ဘောလုံးအသင်းအပါအဝင် အားကစားကဏ္ဍအသီးသီးအနေနဲ့ ဆက်ပြီးကြိုးစားအားထုတ်ရင်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် ရွှေတံဆိပ်ဆုများစွာ ဆွတ်ခူးနိုင်ပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။ အခုလို လာရောက်ကြိုဆိုဂုဏ်ပြုခွင့်ရတာကို ဝမ်းသာပီတိဖြစ်ရပါတယ်။

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို အသက် ၆၀ ပြည့်မြောက်သည့် အချိန်မှစ၍ သက်ရှိထင်ရှားကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်လျက်ရှိသည့်အပြင် (၇၇) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ငါးခုနှင့်အထက် ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနက်မှ ၂၄ ဦးကို လူမှုထူးချွန် ပထမအဆင့် ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးခဲ့ကြသည့် အားကစားမောင်မယ်များသည်လည်း အလားတူအခွင့်အရေးများ ရရှိလာမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်က ဆုရအားကစားသမားများအတွက် ရွှေဆုတစ်ဦးချင်းအတွက် ငွေကျပ်သိန်း ၃၀၀၊ ငွေတစ်ဦးချင်းအတွက် ငွေကျပ်သိန်း ၂၀၀၊ ကြေးတစ်ဦးချင်းအတွက် ငွေကျပ်သိန်း ၁၀၀၊ ရွှေအသင်းလိုက် တစ်ဦးချင်းအတွက် ငွေကျပ်သိန်း ၁၀၀၊ ငွေအသင်းလိုက် တစ်ဦးချင်းအတွက် ငွေကျပ်သိန်း ၇၀၊ ကြေးအသင်းလိုက် တစ်ဦးချင်းအတွက် ငွေကျပ် ၃၅ သိန်း၊ နည်းပြများအတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေအတွက်သိန်း ၅၀၊ ကြေးအတွက် ငွေကျပ်သိန်း ၃၀၊ အုပ်ချုပ်မှုအဖွဲ့များအတွက် ရွှေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့ တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုအတွက် ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ဆုအတွက် ငွေကျပ်သိန်း ၃၀ တို့ဖြင့် နိုင်ငံတော်က အသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။

❂ *ကျောဖုံးမှ*

Male Leg Attack Technique 04 Males,Each Performs 2 Legs Attack Technique (လေးယောက်တွဲ)အပြ ပွဲစဉ်၌ မောင်အောင်ခိုင်လင်း၊ မောင်ရာဇာထွန်း၊ မောင်ဟိန်းထက်အောင်နှင့် မောင်ကျော်သူစိုးအောင် တို့က ကိုးခုမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး၊ (၆၀) ကီလိုတန်း (အတိုက်) ပွဲစဉ်၌ မရွှေသက်ထားက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Bac Ninh Gym-nasium အားကစားရုံ၌ လက်ဝှေ့ အားကစားနည်းမှ ( -၅၇) ကီလိုတန်း ပွဲစဉ်၌ မောင်နိုင်လတ် က ငွေတံဆိပ်ဆုကို လည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟန်္နွိုင်းမြို့ရှိ Hanoi National Sport Training Centre အားကစားရုံ၌ ကျင်းပလျက်ရှိသည့် သေနတ်ပစ်အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ Hanoi Sport Training Centre အားကစားရုံ၌ ကျင်းပလျက်ရှိသည့် အလေးမအားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် Bac Ninh Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် လက်ဝှေ့အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ Soc Son Gymnasium အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဗိုဗီနမ် အားကစားနည်းမှ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် သေနတ်ပစ်၊ အလေးမ၊ ဂျူဒို၊ ဗိုဗီနမ်၊ လက်ဝှေ့အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် ၁၈ ခုနှင့် ကြေးတံဆိပ် ၃၅ ခုတို့ ဆွတ်ခူးရရှိထားပြီး စုစုပေါင်းဆုတံဆိပ် ၆၂ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့်(၇)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မက္ကဆီကိုသိပ္ပံပညာရှင်များ ပင်လယ်အတွင်း ဆီယိုဖိတ်မှုကို သန့်စင်သည့် နည်းပညာသစ်တွေ့ရှိ

မက္ကဆီကိုစီးတီး မေ ၂၂

**မက္ကဆီကို အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်မှ သိပ္ပံပညာရှင်များက သမုဒ္ဒရာကို ညစ်ညမ်းစေသည့် ရေနံလောင်စာဆီများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ ဓာတ်မြေသြဇာများ၊ ဆေးဝါးများနှင့် သမုဒ္ဒရာအတွင်းရှိအခြားသောညစ်ညမ်းပစ္စည်းများကို သန့်စင်ပေးနိုင်သည့်နည်းပညာသစ်တစ်ခုကို တီထွင်ခဲ့သည်။**

အဆိုပါ ဆန်းသစ်တီထွင်သော နည်းပညာသစ်သည် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရွှံ့စေးသတ္တုဓာတ်နှင့် သံလိုက်ဓာတ်မြင့်မားသော သတ္တုဓာတ်ဖြစ်သည့် ဟာလွိုင်ဆိုက်မှပြုလုပ်သော သေးငယ်သည့် နာနိုပြွန်များဖြင့် စုပ်ယူဖယ်ရှားသည့် နည်းပညာဖြစ်သည်။

"သမုဒ္ဒရာထဲမှာရှိတဲ့ အညစ်အကြေးတွေကို ငါးဖမ်းကွန်ပစ်လိုက်သလိုပဲ သံလိုက်စက်ကွင်းနဲ့ စုပ်ယူဖယ်ရှားတဲ့နည်းလမ်းပါပဲ။ ဒီနည်းနဲ့ပဲ ရေနံတွေကို စုပ်ယူစုဆောင်းပြီးတော့ ပြန်လည်သန့်စင်အသုံးပြုနိုင်တဲ့ နည်းပညာဖြစ်ပါတယ်။ ဒီနည်းပညာကို ဆီအမျိုးအစားအမျိုးမျိုးနဲ့ စမ်းသပ်ပြီးပါပြီ" ဟု ပရောဂျက်ခေါင်းဆောင်ဖြစ်သူ မရီနာဘာဂတ်စ် ရိုဒရီဂွတ်ဇ်က ပြောသည်။



၂၀၁၀ ပြည့်နှစ်က မက္ကဆီကိုပင်လယ်ကွေ့ ရေနံယိုဖိတ်မှုဖြစ်ပွားပြီးနောက် ဆီများအတွင်း နစ်မြုပ်နေသဖြင့် အသက်ရှင်ရန် ရုန်းကန်နေသည့် ငှက်တစ်ကောင်ကို တွေ့ရစဉ်။

သမုဒ္ဒရာအတွင်း ညစ်ညမ်းရေနံများကြောင့် အဏ္ဏဝါဂေဟစက်ကွင်းကို ထိခိုက်စေရုံသာမက ဒေသတွင်း ငါးဖမ်းလုပ်ငန်းများကိုပါ ထိခိုက်စေပြီး ညစ်ညမ်းသည့်ပင်လယ်အတွင်းမှငါးများကို ဖမ်းဆီးစားသုံးရာမှတစ်ဆင့် လူတို့အတွက် ကင်ဆာကဲ့သို့သောရောဂါများ ဖြစ်ပွားစေလျက်ရှိသည်။ ထို့ကြောင့် ယင်းနည်းပညာသည် အလွန်စေးပျစ်နေသည့် ဟိုက်ဒရိုကာဗွန်များကိုပင် ပြန်လည်သန့်စင်နိုင်သည့်အတွက် ပင်လယ်အတွင်း ယိုဖိတ်သည့် ရေနံများကို မီးရှို့ဖျက်ဆီးပြီးနောက် လေထုအတွင်းသို့ ကာဗွန်ထုတ်လုပ်မှုမြင့်တက်စေမည့်အစား ပြန်လည်သန့်စင်အသုံးပြုနိုင်သည့် နည်းပညာဖြစ်သည့်အတွက် သဘာဝဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေးအတွက်ကိုလည်း များစွာအထောက်အကူ ဖြစ်စေသည်ဟု သိရသည်။

ယခုတီထွင်ဆန်းသစ်သည့် နည်းပညာသည် ပင်လယ်သမုဒ္ဒရာညစ်ညမ်းသည့် ဆိုးရွားသောလောင်စာဆီယိုဖိတ်မှုများကို သန့်စင်စေသည့်အပြင် မြစ်၊ ချောင်း၊ ရေကန်များတွင်ပါ အသုံးပြုနိုင်သည့် နည်းပညာသစ်ဖြစ်သည်။ အဆိုပါ နည်းပညာသည် ကုန်ကျစရိတ် အလွန်နည်းပါးပြီး ပင်လယ်သမုဒ္ဒရာ ညစ်ညမ်းမှု ပြဿနာရှိသည့် နည်းပညာလိုအပ်သော မည်သည့်နိုင်ငံမဆို အသုံးပြုနိုင်ကြောင်း မရီနာဘာဂတ်စ်က ပြောသည်။

ရေနံယိုဖိတ်မှုသည် ကမ္ဘာတစ်ဝန်းရှိ ဇီဝမျိုးစုံမျိုးကွဲများကို ခြိမ်းခြောက်မှုအဆိုးရွားဆုံးသော သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဘေးအန္တရာယ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။

ဆင်ဟွာ

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ဂျပန်ငလျင်လှုပ်ခတ်မှု

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဖူကူရှီးမားစီရင်စုရှိ ကမ်းရိုးတန်း၌ မေ ၂၂ ရက် နေ့လယ်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း သိရသည်။ ငလျင်လှုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမား မရှိကြောင်း သိရသည်။

### အိန္ဒိယ ကိုဗစ်-၁၉ ကူးစက်မှု

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၂၂၂၆ ဦး ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၃၁၃၆၃၇၁ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးဖော်ပြချက်အရ သိရသည်။ မေ ၂၁ ရက် နံနက်ပိုင်းမှ စတင်ကာ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၅ ဦး ရှိလာသဖြင့် စုစုပေါင်းသေဆုံးသူ ၅၂၄၄၁၃ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

### ကယ်လီဖိုးနီးယားပစ်ခတ်မှု

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း ဆမ်ဘာနာဒီနိုကောင်တီရှိ ပါတီပွဲတစ်ခုတွင် မေ ၂၀ ရက် ညပိုင်းက ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ကို ကိုးကားပြီး မေ ၂၁ ရက်က ဒေသတွင်း မီဒီယာတစ်ခုက ဖော်ပြခဲ့ကြောင်း သိရသည်။

### ပြင်သစ်လေယာဉ်ပျက်ကျမှု

ပြင်သစ်နိုင်ငံ၌ မေ ၂၁ ရက် နေ့လယ်ပိုင်းက ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်း လစ်အဲရစ်မြို့အနီး ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားပြီးနောက် ကလေးတစ်ဦးအပါအဝင် ငါးဦးသေဆုံးခဲ့ကြောင်း ပြင်သစ်ရုပ်မြင်သံကြားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

### အစ္စရေးမျောက်ကျောက်ရောဂါကူးစက်မှု

မြောက်အမေရိကနှင့် ဥရောပတွင် ဖြစ်ပွားလျက်ရှိသည့် မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦး အစ္စရေးနိုင်ငံတွင် ပထမဆုံးတွေ့ရှိကြောင်း မေ ၂၁ ရက်က အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြခဲ့သည်။

# ဖိဂျီကျွန်းနိုင်ငံ၌ ပြီးခဲ့သည့် ဒီဇင်ဘာလမှစတင်ကာ နိုင်ငံတကာခရီးသည် ၁၁၉၀၀၀ ကျော် ဝင်ရောက်

ဆူဗား မေ ၂၂

ဖိဂျီကျွန်းနိုင်ငံသည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း နယ်စပ်ဂိတ်များကို ပြန်လည်ဖွင့်လှစ်သည့်အချိန်မှ စတင်ကာ နိုင်ငံတကာခရီးသွားများ ၁၁၉၀၀၀ ကျော် လက်ခံရရှိခဲ့ကြောင်း ဖိဂျီနိုင်ငံဝန်ကြီးချုပ် ဗိုရီဘဲနီမာရာမာက ပြောကြားသည်။

ဖိဂျီနိုင်ငံသို့ ဧပြီလအတွင်း လာရောက်လည်ပတ်သူ ၄၆၀၀၀ ကျော်ရှိခဲ့ပြီး ယခုနှစ်တွင် စုစုပေါင်း လာရောက်လည်ပတ်သူ ၉၅၀၀၀ ကျော်ရှိကြောင်း မေ ၂၂ ရက်တွင် ဖိဂျီနိုင်ငံဝန်ကြီးချုပ် ဘဲနီမာရာမာက ပြောကြားသည်။

ဖိဂျီကျွန်းနိုင်ငံသို့ ဧပြီလ ကိန်းဂဏန်းများအရ ကပ်ရောဂါအကြိုအဆင့်တွင် ရောက်ရှိလာသူ ၆၁ ရာခိုင်နှုန်းရှိကြောင်း ဖိဂျီနိုင်ငံကုန်သွယ်ရေးနှင့် ခရီးသွားလာရေးဆိုင်ရာ အမြဲတမ်းအတွင်းဝန် အလီရှာဟင်းက ပြောကြားသည်။

ဖိဂျီကျွန်းနိုင်ငံသို့ ယခုနှစ်အတွင်း လာရောက်လည်ပတ်သူ ၄၄၇၀၀၀ ရောက်ရှိရန် မျှော်လင့်ကြောင်း ဖိဂျီအစိုးရ၏ ပြောကြားချက်အရ သိရသည်။

ဖိဂျီကျွန်းနိုင်ငံသည် ခရီးသွားလုပ်ငန်းမှ စုစုပေါင်း နိုင်ငံ့ဝင်ငွေ၏ ၃၅ ရာခိုင်နှုန်းခန့်နှင့် လူဦးရေ ၁၅၀၀၀၀ ခန့်ကို အလုပ်အကိုင်ရရှိရေးအတွက် အထောက်အကူပြုလျက်ရှိပြီး နိုင်ငံစီးပွားရေးအတွက် အဓိကကျောရိုးလည်း ဖြစ်သည်။

ဖိဂျီကျွန်းနိုင်ငံသည် ကိုဗစ်-၁၉ မဖြစ်ပွားမီ အချိန်က တစ်နှစ်လျှင် ခရီးသွားရှစ်သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ မုန်တိုင်းဝင်ရောက်မှုကြောင့် ၃၃ ဦး သေဆုံး

နယူးဒေလီ မေ ၂၂

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မေ ၁၉ ရက်က မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူ ၃၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မေ ၂၁ ရက်က ပြည်နယ်ဝန်ကြီးချုပ် နီတက်ရှ်ကူးမား၏ ပြောကြားချက်ကို ကိုးကားပြီး ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့ကြောင်း သိရသည်။

မုန်တိုင်းဝင်ရောက်မှုကြောင့် နေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး အဓိကအားဖြင့် ကတီဟာခရိုင်အပါအဝင် ခရိုင် ၁၆ ခုအထိ ကြီးမားသောပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သဘာဝဘေး ကျရောက်မှုကြောင့် သေဆုံးသွားခဲ့သည့် ကျန်ရစ်သူမိသားစုဝင်များအတွက် ငွေကြေးအကူအညီအဖြစ် ရူပီး ၄၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၁၄၀) ပေးအပ်ရန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ကြေညာခဲ့သည်။

မုန်တိုင်းဒဏ်ကြောင့် သီးနှံပျက်စီးမှုများနှင့် နေအိမ်ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် မိသားစုများကို အကူအညီပေးရန် လိုအပ်သော ညွှန်ကြားချက်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သဘာဝဘေး ကျရောက်မှုကြောင့် သေဆုံးသွားသူများအတွက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန်ဒြာမိုဒီက ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။

ဆင်ဟွာ



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၉၂၉၈ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၂၂

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ကြည့်လျှင် မေ ၂၁ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၉၂၉၈ ဦး တွေ့ရှိသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၇၉၅၇၆၉၇ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာ ယမန်နေ့က ကူးစက်ခံရသူ ၂၃၄၆၂ ဦးရှိပြီး ပြီးခဲ့သည့် ရက်သတ္တအစောပိုင်းကလည်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၅၄၂၅ ဦးရှိရာမှ နေ့စဉ်ကူးစက်မှုနှုန်းမှာ ကျဆင်းလာကြောင်း ကိုရီးယား ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ (KDCA)၏ ထုတ်ပြန်ချက်အရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ပြည်ပပြန် ကူးစက်ခံရသူ ၂၄ ဦးရှိသဖြင့် ပြည်ပပြန် ကူးစက်ခံရသူစုစုပေါင်း ၃၂၅၁၁ ဦး ရှိလာပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရပြီး ရောဂါပြင်းထန်သော အခြေအနေတွင်ရှိသူ ၂၂၉ ဦးရှိရာ ယမန်နေ့ကထက် ခြောက်ဦးလျော့နည်းလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၅၄ ဦးရှိရာ သေဆုံးသူစုစုပေါင်း ၂၃၉၆၅ ဦး ရှိလာပြီဖြစ်သည်။ သေဆုံးသူအရေအတွက်မှာ နိုင်ငံ့လူဦးရေ၏ ၀ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ အရေအတွက်မှာ နိုင်ငံ့လူဦးရေ၏ ၈၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အပိုဆောင်း ကာကွယ်ဆေးထိုးနှံပြီးသူ အရေအတွက်မှာ ၆၄ ဒသမ ၈ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မေ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၀၅ ရာခိုင်နှုန်းရှိ

**(၂၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၃၈,၆၈၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၂၂၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၁၈၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၁,၂၆၂,၆၅၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၄၄၁,၆၇၃) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၅,၈၂၀,၉၈၀) ဦးနှင့် ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပြီးစီးသူ (၁,၉၄၁,၅၃၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၁-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၅၉,၀၂၅,၁၆၅) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၂-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၀) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၉၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၄၉၅) ခု | (၁) ဦး |
| **စုစုပေါင်း** | **(၆,၀၆၄) ခု** | **(၃) ဦး** |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၂၁-၅-၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၄၄၁,၆၇၃) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၅,၈၂၀,၉၈၀) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၉၄၁,၅၃၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၁,၂၆၂,၆၅၃) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | **(၅၉,၀၂၅,၁၆၅) ကြိမ်** |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၂-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၉၈၄၄၅၉ | ၈၁၅၈၆၂၄၉ | ၁၀၂၈၉၀၂ |
| ၂။ | အိန္ဒိယ | ၄၃၁၃၆၃၇၁ | ၄၂၅၉၇၀၀၃ | ၅၂၄၄၁၃ |
| ၃။ | ဘရာဇီး | ၃၀၇၈၀၀၂၈ | ၂၉၈၀၀၂၂၅ | ၆၆၅၆၅၇ |
| ၄။ | ပြင်သစ် | ၂၉၃၃၇၉၈၅ | ၂၈၅၃၄၂၃၁ | ၁၄၇၇၈၀ |
| ၅။ | ဂျာမနီ | ၂၆၀၈၂၁၁၇ | ၂၄၆၀၂၅၀၀ | ၁၃၈၇၀၉ |
| ၆။ | ဗြိတိန် | ၂၂၂၃၈၇၁၅ | ၂၁၈၁၉၂၁၁ | ၁၇၇၉၇၇ |
| ၇။ | ရုရှား | ၁၈၂၉၃၄၅၀ | ၁၇၆၈၈၉၀၃ | ၃၇၈၃၅၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၉၅၇၆၉၇ | ၁၇၃၇၁၈၈၀ | ၂၃၉၆၅ |
| ၉။ | အီတလီ | ၁၇၂၂၉၂၆၃ | ၁၆၂၀၆၄၇၆ | ၁၆၅၉၁၈ |
| ၁၀။ | တူရကီ | ၁၅၀၆၁၃၇၆ | ၁၄၉၅၈၈၈၇ | ၉၈၉၂၁ |

## ၂၂-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၀၈၈၈၇ | ၉၄၀၂၀၄၆ | ၄၃၀၇၅ |
| အင်ဒိုနီးရှား | ၆၀၅၂၅၉၀ | ၅၈၉၂၄၁၁ | ၁၅၆၅၂၂ |
| မလေးရှား | ၄၄၈၇၄၈၂ | ၄၄၂၂၆၁၅ | ၃၅၆၃၈ |
| ထိုင်း | ၄၄၁၁၄၉၄ | ၄၃၂၅၉၅၆ | ၂၉၇၄၉ |
| ဖိလစ်ပိုင် | ၃၆၈၈၇၅၁ | ၃၆၂၆၀၃၈ | ၆၀၄၅၅ |
| စင်ကာပူ | ၁၂၆၆၈၀၈ | ၁၁၈၄၅၂၅ | ၁၃၇၄ |
| မြန်မာ | ၆၁၃၂၂၂ | ၅၉၂၁၈၆ | ၁၉၄၃၄ |
| လာအို | ၂၀၉၇၂၈ | ၂၀၈၃၄၄ | ၇၅၄ |
| ဘရူနိုင်း | ၁၄၆၅၀၆ | ၁၄၄၆၇၂ | ၂၂၁ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |

# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

*(ယမန်နေ့မှ အဆက်)*

**Myanmar National Post သတင်းဌာနမှ နောင်တော်လေးက** ယနေ့ တိုင်းပြည်အတွင်း၌ အကြမ်းဖက်မှုများ ကျူးလွန်နေကြသည့် အဖွဲ့အစည်းများရှိကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကလည်း အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည်ဟု တရားဝင်ကြေညာထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများမှာ မည်သည့် ပါတီမှ ပေါ်ပေါက်လာသည့် အဖွဲ့အစည်းများဖြစ်သည်ကို သိလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိဆိုသည့် ပြဋ္ဌာန်းချက်၏ သဘောတရားနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် မည်ကဲ့သို့သော လုပ်ရပ်များ လုပ်ဆောင်ပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိနိုင်သည်ကို ရှင်းလင်းပြောကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းကို ပြန်လည်ဖြေကြားရမည်ဆိုပါက တရားမဝင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH၊ ၎င်းက ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် မတ် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အလားတူ မတရားအသင်းအဖြစ် ကြေညာထားသည့် CRPH ၊ ယင်းကဖွဲ့စည်းသည့် အမျိုးသားညီညွတ်ရေးအစိုးရ NUG၊ ယင်းက ထပ်မံဖွဲ့စည်းသည့် PDF နှင့် ၎င်းအဖွဲ့၏ လက်အောက်ခံအဖွဲ့အစည်းများကိုလည်း အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂၀၂၁ ခုနှစ် မေ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါအချက်များမှာ မိမိတို့ ထုတ်ပြန်ကြေညာခဲ့သည့် အခြေအနေများဖြစ်ကြောင်း၊ ထိုအကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် မည်သည့်ပါတီနှင့် ဆက်စပ်မှုရှိသည်ကို ယခုမေးမြန်းသည့် သတင်းထောက်ကြီးအပါအဝင် အခြားပုဂ္ဂိုလ်များလည်း မြင်တွေ့ကြားသိပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း။

သတင်းထောက်ကြီး မေးမြန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ ပါ နိုင်ငံရေးပါတီတစ်ရပ် ဆက်လက်ရပ်တည်နိုင်မှုမရှိသည့်ကိစ္စနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၂ အရ ပါတီတစ်ခုရပ်တည်ပိုင်ခွင့်မရှိသည့် ပြဋ္ဌာန်းချက်များကို ဆက်လက်ရှင်းပြလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ တွင် နိုင်ငံရေးပါတီတစ်ခု ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသည့် အကြောင်းအရာလေးခု ရှိကြောင်း၊ အဆိုပါကိစ္စများမှာ ဥပဒေနှင့်အညီ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊ နိုင်ငံတော်ကို လက်နက်စွဲကိုင်၍ တိုက်ခိုက်နေသည့် သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းများ၊ မတရားအသင်းဟု ကြေညာထားသည့်အဖွဲ့အစည်းများ၊ အဆိုပါအဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း၊ အားပေးကူညီခြင်း တစ်ခုခုကို လုပ်ဆောင်သည်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုခု၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ ငွေကြေး၊ ပစ္စည်း၊ အထောက်အပံ့များကို တစ်နည်းနည်းဖြင့် ရယူသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဖြစ်ကြောင်း၊ နောက်တစ်ခုမှာ ဘာသာရေးကို နိုင်ငံရေးအရ အလွဲသုံးစားပြုသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများဆိုပါက ပုဒ်မ ၄၀၇ နှင့် ငြိစွန်းကြောင်း၊ ထိုကဲ့သို့ ငြိစွန်းပါက ပုဒ်မ ၄၀၈ အရ အဆိုပါပါတီကို နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းမှာ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသည့် ပုဒ်မ ၄၀၇ ဖြစ်ကြောင်း။

အခြားတစ်ခုမှာ နိုင်ငံရေးပါတီများ ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိသည့် ပုဒ်မ ၁၂(က) ဖြစ်ကြောင်း၊ ထိုပုဒ်မတွင် အချက် ခုနစ်ချက်ရှိကြောင်း၊ နံပါတ်(၁)အချက်မှာ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲများတွင် ၎င်းတို့အနေဖြင့် အနည်းဆုံး သတ်မှတ်ထားသည့် ကိုယ်စားလှယ် အရေအတွက်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု မရှိခြင်း၊ မတရားအသင်းအဖြစ်ကြေညာခံရခြင်း၊ နိုင်ငံတော်ကို လက်နက်စွဲကိုင်တိုက်ခိုက်နေသည့် သောင်းကျန်းသူ အကြမ်းဖက်အဖွဲ့အစည်းများ၊ မတရားအသင်းများ၊ ၎င်းအဖွဲ့အစည်းများနှင့် ဆက်စပ်ခြင်း၊ အဆိုပါအဖွဲ့အစည်းများကို အားပေးကူညီခြင်းတို့ကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၊ အခြားတစ်ခုမှာ ပုဒ်မ-၆ ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ရာတွင် တင်ပြရသည့် ခံဝန်ချက်ဖြစ်ကြောင်း၊ ထိုခံဝန်ချက်များကို ဖောက်ဖျက်ခြင်းလည်းပါဝင်ကြောင်း၊ နောက်တစ်ခုမှာ နိုင်ငံတော်ပိုင်ငွေကြေး၊ ပစ္စည်း၊ အဆောက်အဦများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ အခြားတစ်ခုမှာ ပုဒ်မ-၁၀ ပါ ပြဋ္ဌာန်းချက်တစ်ခုဖြစ်ကြောင်း၊ ထိုပုဒ်မတွင် ပါဝင်သည့် အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ နိုင်ငံရေးပါတီဝင်အဖြစ် စည်းရုံးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အရည်အချင်းမကိုက်ညီသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ ထိမ်ချန်ထားခြင်း၊ လက်ခံထားခြင်းပြုပါကလည်း ပြစ်မှုကျူးလွန်ရာရောက်ပါကြောင်း၊ အခြားတစ်ခုမှာ နိုင်ငံတစ်ဝန်းတွင် မိမိတို့သတ်မှတ်ထားသည့် ပါတီဝင်အရေအတွက် ပြည့်မီအောင် စည်းရုံးနိုင်ခြင်းမရှိပါကလည်း အဆိုပါ ပါတီအနေဖြင့် ပုဒ်မ ၁၂ (က) ပါ အချက်များကို ဖောက်ဖျက်ကျူးလွန်ရာရောက်ကြောင်း၊ ပုဒ်မ ၁၂(ခ)အရ ပုဒ်မ ၁၁(က)ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသည့်ပါတီအား နိုင်ငံရေးပါတီစာရင်းမှပယ်ဖျက်၍ ထိုပါတီကို ဖျက်သိမ်းရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်ရှိသည်ဟုသာ ဖြေကြားလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ နောင်တော်လေးက** အစောပိုင်းက ပြန်လည်ဖြေကြားရာတွင် အကြမ်းဖက်အဖွဲ့အစည်းများ ထွက်ပေါ်လာသည့်ပါတီအား အားလုံးသိပြီးသားဖြစ်လိမ့်မည်ဟုသာ ပြန်လည်ဖြေကြားခဲ့ကြောင်း၊ မိမိလည်း မိမိသိသည့်အတိုင်းသာ ပြောမည်ဖြစ်ကြောင်း၊ အဆိုပါ ပါတီမှာ NLD ပါတီဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် လူကြီးမင်းကိုယ်တိုင် ထုတ်ဖော်ပြောဆိုခြင်းမပြုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** အဆိုပါ ပါတီကို အားလုံးသိပြီးဖြစ်ကြောင်း၊ ထိုပါတီနှင့် ပတ်သက်ဆက်စပ်သည့် အကြောင်းအရာများကိုလည်း သတင်းထောက်ကြီး ယခုမေးမြန်းနေကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ ထိုပါတီနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက အားလုံးသိကြသည့် ပါတီဖြစ်ကြောင်း၊ အဆိုပါကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ယခုလက်ရှိတွင် မိမိတို့အနေဖြင့် လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များကို သတင်းထောက်ကြီးများလည်း သိပြီးဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ဆက်စပ်မှုများကိုစစ်ဆေး၍ အတည်ပြုရန်သာလိုတော့ကြောင်း၊ လက်ရှိဖြစ်တည်မှုများ၊ အခြေအနေများကို စိစစ်၍ ငြိစွန်းမှုအခြေအနေကို စစ်ဆေးရန်လိုအပ်ကြောင်း၊ အခြားနိုင်ငံရေးပါတီများကိုလည်း ငြိစွန်းမှု ရှိ၊ မရှိ စစ်ဆေးနေကြောင်း၊ စစ်ဆေးဆဲဖြစ်ပြီး စစ်ဆေးရန်ကျန်နေသေးကြောင်း၊ စစ်ဆေးပြီးစီး၍ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသည်ဆိုပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦးက** ၂၀၂၃ ရွေးကောက်ပွဲတွင် PR စနစ်ကို စတင်ကျင့်သုံးသွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ယခုသတင်းစာရှင်းလင်းပွဲအစောပိုင်းတွင် ပြောခဲ့ကြောင်း၊ ပါတီအများစုက ကျင့်သုံးကြမည့်စနစ်ဖြစ်သည်ဟုလည်း ပြောခဲ့ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကိုမူ ယခင်အတိုင်းပြောင်းလဲမှုမရှိဟု ပြောထားကြောင်း၊ လတ်တလောတွင် ယခင်ရှိပြီးဖြစ်သည့် ခရိုင် ၇၅ ခရိုင်အပြင် ခရိုင်အသစ် ၄၆ ခရိုင်ကို ထပ်မံဖွဲ့စည်းခဲ့ကြောင်း၊ ထို့ကြောင့် ခရိုင်ကို ကိုယ်စားပြုမည်လား၊ မြို့နယ်ကို ကိုယ်စားပြုမည်လား၊ တိုင်းဒေသကြီး၊ ပြည်နယ်ကို ကိုယ်စားပြုမည်လား ဆိုသည်ကို သိလိုကြောင်း၊ PR စနစ်၏ သဘောတရား၊ မဲပေးပုံပေးနည်း၊ PR စနစ်၏ ခွဲတမ်းစနစ်များကို မဲဆန္ဒရှင်ပြည်သူအားလုံး သိရှိနိုင်ရန်အတွက် TV မှလည်းကောင်း၊ သတင်းစာမှလည်းကောင်း အသိပညာပေးလုပ်ငန်းများကို မည်သည့်အချိန်ခန့်တွင် စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြောရမည်ဆိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် PR စနစ်နှင့်ပတ်သက်သည့် စာအုပ်အတွဲ(၁)ကို ထုတ်ပြီးဖြစ်ကြောင်း၊ ကြေညာ၍ ဖြန့်ချိသွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အတွဲ(၂)ကိုပြုစုနေကြောင်း၊ အဆိုပါ စာအုပ်တွင် PR နှင့်ပတ်သက်သည့် အကြောင်းအရာများ ပါဝင်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့် PR စနစ်များအကြောင်းလည်းပါဝင်ကြောင်း၊ ထိုစာအုပ်မှာလည်း မကြာမီထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website တွင်လည်း PR စနစ်နှင့် ပတ်သက်သည့် ဆောင်းပါးများနှင့် အချက်အလက်များကို တင်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ထားရုံသာမကဘဲ လွန်ခဲ့သည့် ရက်သတ္တပတ် သုံးပတ်ခန့်က သတင်းစာရှင်းလင်းပွဲတွင်လည်း PR စနစ်နှင့်ပတ်သက်၍ အခြေခံအချက်အလက်များကို မိမိတင်ပြခဲ့ကြောင်း၊ PR စနစ်နှင့် ပတ်သက်သည့် စာတမ်းများလည်း ပြုစုထားကြောင်း၊

*စာမျက်နှာ ၁၇ သို့*



မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

❖ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် PR စနစ်နှင့် ပတ်သက်သည့် စာအုပ် အတွဲ(၁)ကို ထုတ်ပြီးဖြစ်ကြောင်း၊ ကြေညာ၍ ဖြန့်ချိသွားမည်ဖြစ်၊ ယခုလက်ရှိတွင် အတွဲ(၂)ကိုပြုစုနေ၊ အဆိုပါ စာအုပ်တွင် PR နှင့်ပတ်သက်သည့် အကြောင်းအရာများ ပါဝင်၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့် PR စနစ်များအကြောင်းလည်းပါဝင်၊ ထိုစာအုပ်မှာလည်း မကြာမီထွက်ရှိလာမည်ဖြစ်၊ အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website တွင်လည်း PR စနစ်နှင့် ပတ်သက်သည့် ဆောင်းပါးများနှင့် အချက်အလက်များကို တင်ထား**

*စာမျက်နှာ ၁၆ မှ*

အချက်အလက်များလည်းရှိကြောင်း၊ မိမိတို့ လုပ်ဆောင်ရမည့် Timeline အတိုင်း ပညာပေး(Civic and Voter Education )လုပ်ငန်းများကို ပြည်သူများသိရှိနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မိမိဆိုလိုသည်မှာ ထိုကဲ့သို့ မဟုတ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ထုတ်ဝေသည့်စာအုပ်များကို မိမိတို့မီဒီယာများအား တစ်အုပ်စီပေးပြီးဖြစ်ကြောင်း၊ ထိုစာအုပ်ပါ အကြောင်းအရာများကို ပြည်သူလူထုထံသို့ ချပြရန်အတွက် မိမိတို့လည်း မစွမ်းဆောင်နိုင်ကြောင်း၊ မိမိတို့တွင်လည်း အခက်အခဲများရှိကြောင်း၊ မိမိဆိုလိုသည်မှာ PR စနစ်ကို ကျင့်သုံးမည်ဆိုပါက ပြည်သူလူထုအနေဖြင့် ၎င်းတို့ရွေးချယ်လိုသည့် လွှတ်တော်ကိုယ်စားလှယ်၏ ရပိုင်ခွင့် မည်ကဲ့သို့ရှိသည် သိလိုကြမည်ဖြစ်ကြောင်း၊ ယခုကျန်ရှိနေသည့် တစ်နှစ်ကျော်ခန့် အချိန်ကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှလည်းကောင်း၊ သတင်းစာမှလည်းကောင်း PR စနစ်၏ မဲပေးပုံပေးနည်း၊ PR စနစ်၏ ရရှိသည့် ခွဲတမ်းပုံစံ စသည်တို့ကို ပြည်သူလူထုသိရှိနိုင်ရန် မည်သည့်အချိန်ခန့်တွင် အသိပညာပေးချပြသွားမည်ကို သိလိုခြင်းဖြစ်ကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက ပညာပေးစာအုပ်များ ထုတ်ဝေပြီးဖြစ်ကြောင်းကိုလည်း အစောပိုင်းက မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ တင်ပြခဲ့သည့်အထဲတွင် မိမိတို့ လုပ်ဆောင်ထားသည့် Pamphlet နမူနာများကိုလည်း Civic and Voter Education တွင် ပြထားကြောင်း၊ Pamphlet များမှာ ပြည်သူတစ်ဦးချင်းစီကို ဝေပေးနိုင်လောက်သည့် အနေအထားရှိကြောင်း၊ အကျဉ်းချုပ်ရေးသားထားသည့် Pamphlet များကိုပင် ကြိုတင်ပြင်ဆင်ထားကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်သည့် ဥပဒေလည်းရှိကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေနှင့် နည်းဥပဒေများကိုလည်း တင်ပြထားဆဲဖြစ်ကြောင်း၊ အတည်ပြုထုတ်ပြန်ပြီးပါက Legally အဆင်ပြေပြီဖြစ်ကြောင်း၊ ထိုအချိန်မှသာလျှင် မိမိတို့အနေဖြင့် တရားဝင်ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စကိုလည်း အားလုံး၏ သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေကြောင်းအရလည်း အသေးစိတ် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများအတွက်လည်း လိုအပ်သည်များကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ သို့သော် တရားဝင်ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းရမည် ဖြစ်ကြောင်း၊ ထိုကိစ္စများပြီးစီးပါက တရားဥပဒေနှင့်အညီ အသိပညာပေးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ကိစ္စများလည်းရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မူလခရိုင် ၇၅ ခရိုင် ရှိရာမှ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှု အခြေအနေနှင့် အုပ်ချုပ်မှုကိစ္စများ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ အဆင်ပြေစေရန်အတွက် ခရိုင် ၄၆ ခရိုင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ စုစုပေါင်း ၁၂၁ ခရိုင်ရှိပါကြောင်း၊ PR စနစ်ကို ကျင့်သုံးရာတွင် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း၊ အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းနှင့် ပတ်သက်သည့် ဥပဒေများကိုလည်း အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ ၃၃၀၊ ပုဒ်မ ၁၆၈၊ တစ်မြို့နယ်လျှင် နှစ်ဦးစီဆိုသည့် သတ်မှတ်ချက်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကိုယ်စားလှယ်ဦးရေအတိုင်းသာ ရွေးကောက်တင်မြှောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရန်အတွက် ပုဒ်မ ၃၉၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ အရ မဲဆန္ဒနယ် သတ်မှတ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပပေးခြင်းတို့သည် မိမိတို့၏ တာဝန်ဖြစ်ကြောင်း။

PR စနစ်နှင့် FPTP စနစ်တို့၏ အဓိကခြားနားချက်မှာ FPTP စနစ်တွင် တစ်ဦးတည်းကိုသာ ရွေးချယ်ကြောင်း၊ မဲအများဆုံးသူ တစ်ဦးသာရကြောင်း၊ မဲဆန္ဒနယ်တစ်နယ်လျှင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲရာခိုင်နှုန်း အများဆုံး ရရှိသူက နိုင်သည့်သဘောဖြစ်ကြောင်း၊ ကျန်သည့် ကိုယ်စားလှယ်လောင်းအားလုံး၏ မဲရလဒ်မည်မျှဖြစ်စေကာမူ တစ်ဦးချင်းမဲရလဒ်အရ ရာခိုင်နှုန်းအများဆုံးရရှိသူက အနိုင်ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းဆန္ဒမဲရရှိမှု အများဆုံးရရှိသူက ဆန္ဒမဲအားလုံးကို ရယူသွားသည့် သဘောဖြစ်ကြောင်း၊ ၎င်းက ၃၀ ရာခိုင်နှုန်းခန့်ဖြင့် အနိုင်ရရှိခဲ့သော်လည်း အခြားမဲဆန္ဒရှင်များ၏ ၇၀ ရာခိုင်နှုန်းခန့်သော ဆန္ဒမဲများနှင့် ထိုဆန္ဒမဲများရရှိခဲ့သည့် နိုင်ငံရေးပါတီများမှာ အခွင့်အရေးများ လုံးဝဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ PR စနစ်တွင် မဲဆန္ဒနယ်များကို ကျယ်ပြန့်စွာ သတ်မှတ်ကြောင်း၊ ထိုသို့သတ်မှတ်ပြီး ကိုယ်စားလှယ်တစ်ဦးက ၅၀ ရာခိုင်နှုန်းရရှိသည်၊ ကျန်တစ်ဦးက ၄၀ ရာခိုင်နှုန်းရရှိသည်၊ ကျန်တစ်ဦးက ၃၀ ရာခိုင်နှုန်း ရရှိသည်၊ အခြားတစ်ဦးက ၂၀ ရာခိုင်နှုန်းရရှိသည်၊ အခြားတစ်ဦးက ၁၀ ရာခိုင်နှုန်းရရှိသည်ဆိုပါက ထိုကဲ့သို့ ရာခိုင်နှုန်းအလိုက် ဆန္ဒမဲရရှိခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ရရှိခဲ့သည့်ဆန္ဒမဲ အချိုးအစားအလိုက် လွှတ်တော်အတွင်းသို့ ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဥပမာဆိုရပါက လွှတ်တော်အတွင်း၌ ကိုယ်စားလှယ် ၁၀ ဦး ရှိသည်ဆိုပါက ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီအနေဖြင့် အဆိုပါလွှတ်တော်အတွင်းသို့ ကိုယ်စားလှယ် ငါးဦးတက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အလားတူ ဆန္ဒမဲ ၄၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီအနေဖြင့်လည်း ကိုယ်စားလှယ် လေးဦးတက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထို့အတူ ဆန္ဒမဲ ၃၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီ၊ ဆန္ဒမဲ ၂၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီနှင့် ဆန္ဒမဲ ၁၀ ရာခိုင်နှုန်းရရှိသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း ၎င်းတို့ရရှိခဲ့သည့် ရာခိုင်နှုန်းများအလိုက် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ၏ ဆန္ဒမဲအားလုံး အဟောသိကံမဖြစ်ဘဲ ၎င်းတို့ရရှိခဲ့သည့် ဆန္ဒမဲရာခိုင်နှုန်းအလိုက် ကိုယ်စားလှယ်များ အချိုးကျရရှိမည်ဖြစ်ကြောင်း။

အစောပိုင်းက မိမိတင်ပြခဲ့သည့်အတိုင်း တိုင်းရင်းသားပါတီများနှင့် လူနည်းစုပါတီများအတွက် အခွင့်အရေး တန်းတူညီမျှရရှိမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများ အလဟဿမဖြစ်သည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်လည်း ကိုက်ညီသည့်စနစ် ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီအားလုံးကလည်း သဘောတူသည့်အတွက် ထိုစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒနယ်သတ်မှတ်ခြင်းကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစောပိုင်းက သတင်းထောက်ကြီးပြောခဲ့သည့် ခရိုင်များဖွဲ့စည်းမှုသည် မဲဆန္ဒနယ်သတ်မှတ်ခြင်းနှင့် ဆက်စပ်မှုရှိကြောင်း၊ မဲဆန္ဒနယ်များသတ်မှတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် မဲဆန္ဒနယ်များ သတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်၍ ကိုယ်စားလှယ် နှစ်ဦးကို PR စနစ်ဖြင့် ရွေးချယ်၍ရကြောင်း၊ ကျန်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များနှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ ခွဲဝေရာတွင် ထိုဒေသ၏ ပထဝီဝင်အနေအထား၊ နေထိုင်သည့် လူမျိုးစုများ၊ အုပ်ချုပ်မှုအရ လမ်းပန်းဆက်သွယ်မှု အနေအထား၊ လူဦးရေထူထပ်မှု အခြေအနေတို့ကိုမူတည်၍ အားလုံးအတွက် ညီညွတ်မျှတစေရန် အကျယ်အဝန်း သတ်မှတ်၍ အဆိုပါနေရာအတွက် ရွေးကောက်တင်မြှောက်မည့် ကိုယ်စားလှယ်အရေအတွက်ကို သတ်မှတ်မည်ဖြစ်ကြောင်း၊ ထိုသို့သတ်မှတ်ပြီးမှသာ လွှတ်တော် သုံးရပ်စလုံးအတွက် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ အခြားတစ်ခုမှာ အမျိုးသားလွှတ်တော်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသခြောက်ခု ရှိကြောင်း၊ အဆိုပါ ဒေသများမှာ ကိုယ်စားလှယ်တစ်ဦးစီရွေးရသည့်အတွက် FPTP စနစ်ကိုသာ ကျင့်သုံးရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် သတ်မှတ်ထားသည့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီသာ ရွေးချယ်ရသည့်အတွက် FPTP စနစ်ကိုသာ ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ပြည်သူလူထုကို အသိပညာပေးသည့်လုပ်ငန်းကိုလည်း မိမိတို့အနေဖြင့် အချိန်မီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Trend ဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးမင်းမောင်ဦး**က မဲမသမာမှုကြောင့် NLD ပါတီမှ ထိပ်ပိုင်းခေါင်းဆောင်အချို့နှင့် အောက်ခြေအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ အရေးယူခံထားရမှုအခြေအနေကို သိလိုကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်အနေဖြင့် သဘောတူလက်ခံနိုင်မှု ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီးမေးမြန်းသည့် ကိစ္စကို ပြန်လည်ဖြေကြားရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ တာဝန်ရှိသည့်ပုဂ္ဂိုလ်များကို အရေးယူမှုများရှိကြောင်း၊ တာဝန်ရှိသည့် ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ကိုလည်း အရေးယူခြင်းများရှိကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများ လုပ်ဆောင်ခြင်းနှင့် စည်းမျဉ်းစည်းကမ်း ဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ပုဂ္ဂိုလ်များနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအချို့လည်းပါဝင်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်များမှ ပုဂ္ဂိုလ်များလည်း ပါဝင်ကြောင်း၊ ပြည်သူလူထုအချို့လည်း ပါဝင်ကြောင်း၊ အမှုတွဲအားဖြင့် အမှုတွဲ ၇၀ ကျော်ခန့်ကို စစ်ဆေးဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အချို့ကော်မရှင်အဖွဲ့ခွဲများနှင့် ပတ်သက်ပြီး တာဝန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို အရေးယူခြင်းများလည်းရှိကြောင်း၊ ပြီးပြတ်သည့် အမှုတွဲများရှိသကဲ့သို့ မပြီးပြတ်သေးသည့် အမှုတွဲများလည်းရှိကြောင်း၊ အရေးယူဆောင်ရွက်မှုအခြေအနေ အသေးစိတ်ကို မိမိအနေဖြင့် နောင်သတင်းစာရှင်းလင်းပွဲများတွင် ထပ်မံချပြသွားမည်ဖြစ်ကြောင်း။

နောင်လာမည့်ရွေးကောက်ပွဲများတွင် NLD ပါတီဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိ/မရှိကိုမူ ဥပဒေနှင့်အညီဆောင်ရွက်မည်ဟုသာ ပြောလိုကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ တွင်ပါဝင်ကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ဥပဒေ ၃၆၉ တွင်လည်း ပါဝင်ကြောင်း၊ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်ပါက ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိသကဲ့သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်လည်း ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပိုင်ခွင့်လည်း ရှိကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများဖြစ်ကြောင်း၊ အလားတူ သက်ဆိုင်ရာလွှတ်တော်၊ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများကို ဖော်ပြထားကြောင်း၊ ထို့ကြောင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများဖြစ်နေပါက ရွေးကောက်တင်မြှောက်၍မရကြောင်း၊ *စာမျက်နှာ ၁၈ သို့*




PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု မှတ်တမ်းဓာတ်ပုံများ။

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

“အသိပေးကြေညာချက်”

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade–1) သို့ အပ်နှံရန်။

*စာမျက်နှာ ၁၇ မှ*

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသူဖြစ်ပါက ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပါတီဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ သတ်မှတ်သည့်ဥပဒေနှင့် ကိုက်ညီပါက နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအတိုင်းရရှိမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် ငြိစွန်းခြင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်းများရှိပါက ရွေးကောက်တင်မြှောက်ခံရမည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမိုးဟိန်း**က NUG အကြမ်းဖက်ဝန်ကြီး ဇင်မာအောင်နှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံသည့် ကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ ယင်းမေးခွန်းမမေးမြန်းမီ ဇင်မာအောင်နှင့် မိုးဇော်ဦး အစရှိသည့် (၂၀၂၁) ပြည်ပြေးအုပ်စု၏ နောက်ခံသမိုင်းအကျဉ်းနှင့် မိမိပါဝင်ခဲ့သည့် ၁၉၈၈ ခုနှစ် ပြည်ပြေးလမ်းပြမြေပုံ၊ ယခုအသေခံပြီး မိုက်မိုက်မဲမဲ တိုက်နေကြသည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း PDF လူငယ်များနှင့် ပြည်ပြေးလုပ်ရန် ကြိုးစားနေကြသည့် ပြည်ပြေးအပေါင်းသိရန်အတွက် ၁၉၈၈ က ပြည်ပြေးတစ်ဦးဖြစ်ခဲ့သည့် မိမိအနေဖြင့် မိမိတို့တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို အနည်းငယ်ရှင်းပြလိုကြောင်း၊ NLD မှ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမနိုင်နိုင်အောင်လုပ်ရန် စီမံကိန်းချထားကြောင်း၊ အကယ်၍ မဲမနိုင်နိုင်အောင်လုပ်သည့်နေရာတွင် မဲမသမာမှုပေါ်ပေါက်ခဲ့၍ တပ်မတော်မှဝင်၍ ထိန်းသိမ်းခဲ့ပါက Target Plan လေးခုချခဲ့ကြောင်း၊ ယင်းတို့မှာ CIA Channel၊ MI–6 (အင်္ဂလိပ် ထောက်လှမ်းရေး) Channel၊ OIC (အစ္စလာမ်နိုင်ငံများအဖွဲ့ချုပ်)Channel၊ ဂျော့ဆိုးရော့ ( OSI )တို့ဖြစ်ကြောင်း၊ တပ်မတော်မှ ရွေးကောက်ပွဲမဲမသမာမှုကြောင့် အာဏာထိန်းခဲ့သည့်အခါတွင် ယှဉ်ပြိုင်ပြည်ပြေးအစိုးရတစ်ရပ်ဖွဲ့ရန် ယခင်ကတည်းက ကြိုတင်စီမံထားပြီးဖြစ်ကြောင်း၊ ထိုသို့ကြိုတင်ရေးဆွဲထားသည့် ဇာတ်ညွှန်းတွင် သုံးမည့်ဇာတ်ကောင်များမှာ ဇင်မာအောင်၊ မိုးဇော်ဦး၊ အိသဉ္ဇာမောင်၊ မင်းကိုနိုင်၊ ဂျင်မီ၊ ဖြိုးဇေယျာသော် အစရှိသည့် ၎င်းတို့ကြိုမွေးထားသည့် CIA နှင့် MI–6 က နှစ်ပေါင်း ၂၀ ခန့်ကတည်းက ကြိုတင်မွေးထားသည့် ဇာတ်ကောင်များကို ၎င်းတို့ဖွဲ့မည့် စင်ပြိုင်အစိုးရ NUG တွင် ထည့်သုံးရန်ရေးဆွဲထားသည့် Plan ရှိကြောင်း။

ယင်းတို့အထဲတွင် ဇင်မာအောင်သည် ၁၉၉၈ ခုနှစ် နဝတလက်ထက်တွင် ထိန်းသိမ်းခံရပြီး ၂၀၀၉ ခုနှစ်တွင် ထောင်မှလွတ်မြောက်လာကြောင်း၊ ၂၀၁၁ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင်ရှိသည့် သမ္မတရော်နယ်ရီဂန်ကိုယ်တိုင်ဦးဆောင်ပြီး ၁၉၈၃ ခုနှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သည့် (National Endowment For Democracy– NED ) ဆိုသည့် အလွန်ကြီးမားသော အမေရိကန် ဘီလီယံချီထောက်ပံ့ထားသည့် ရန်ပုံငွေများကို အသုံးပြုပြီး NED Branch အနေဖြင့် ဇင်မာအောင်ဦးဆောင်ပြီး ရန်ကုန်နိုင်ငံရေးသိပ္ပံဆိုပြီး ထူထောင်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ဇင်မာအောင်သည် CIA လက်ခွဲဖြစ်သည့် NED ၏ ငွေကြေးအထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးသိပ္ပံထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဇင်မာအောင်သည် CIA ၏ လူဖြစ်ကြောင်း၊ NUG တွင် နိုင်ငံခြားရေးဒုတိယဝန်ကြီး လုပ်နေသည့် မိုးဇော်ဦးသည် MI–6 မှဖြစ်ကြောင်း၊ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် ထောင်မှလွတ်မြောက်လာပြီး ထိုင်းနိုင်ငံသို့ ထွက်သွားကြောင်း၊ ထိုမှတစ်ဆင့် MI–6 နှင့် ချိတ်ဆက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် NLD အစိုးရဖြစ်လာသည့်အခါတွင် ဒေါ်အောင်ဆန်းစုကြည်ရုံးအဖွဲ့တွင် Chief of staff ဖြစ်လာကြောင်း၊ ၎င်းကို နှစ်နှစ်အကြာတွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အင်္ဂလန်သို့စေလွှတ်ပြီး Master ထပ်မံယူစေခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မိုးဇော်ဦးပြန်ရောက်လာပြီး ဒေါ်အောင်ဆန်းစုကြည်၏ အရေးအကြီးဆုံး ရုံးအဖွဲ့၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဇင်မာအောင်နှင့် မိုးဇော်ဦး အပါအဝင် ပြည်ပြေးအားလုံး၏ ပြဿနာသည် မြန်မာနိုင်ငံတွင် ပြည်ပြေးသုံးဆက်ရှိခဲ့ကြောင်း၊ ၁၉၇၀ တွင် ဦးနုမျိုးဆက်၊ မိမိတို့ ဒုတိယမျိုးဆက်၊ တတိယမှာ ဇင်မာအောင်တို့ မိုးဇော်ဦးတို့ မျိုးဆက်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဖြစ်လာမှသာ ၎င်းတို့လှုပ်ရှားမှု အစီအစဉ်ရှိလာမည်ဖြစ်သည့်အတွက် ကြိုတင်ကြံစည်ထားပြီး တပ်မတော်အာဏာထိန်းနိုင်သည့်ဖြစ်စဉ်ကို ကြိုတင်စောင့်ဆိုင်းပြီး ဇာတ်ညွှန်းဆွဲထားပြီးဖြစ်ကြောင်း။

**❑ ခရိုင်များဖွဲ့စည်းမှုသည် မဲဆန္ဒနယ်သတ်မှတ်ခြင်းနှင့် ဆက်စပ်မှုရှိ၊ မဲဆန္ဒနယ်များ သတ်မှတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် မဲဆန္ဒနယ်များ သတ်မှတ်ပေးရမည်ဖြစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ်သတ်မှတ်၍ ကိုယ်စားလှယ်နှစ်ဦးကို PR စနစ်ဖြင့် ရွေးချယ်၊ ကျန်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များနှင့် အမျိုးသား လွှတ်တော် မဲဆန္ဒနယ်များ ခွဲဝေရာတွင် ထိုဒေသ၏ ပထဝီဝင်အနေအထား၊ နေထိုင်သည့် လူမျိုးစုများ၊ အုပ်ချုပ်မှုအရ လမ်းပန်းဆက်သွယ်မှု အနေအထား၊ လူဦးရေထူထပ်မှု အခြေအနေတို့ကိုမူတည်၍ အားလုံးအတွက် ညီညွတ်မျှတစေရန် အကျယ်အဝန်းသတ်မှတ်၍ အဆိုပါနေရာအတွက် ရွေးကောက်တင်မြှောက်မည့် ကိုယ်စားလှယ် အရေအတွက်ကို သတ်မှတ်မည်ဖြစ်**

NCGUB ဒေါက်တာ စိန်ဝင်း ခေါင်းဆောင်သည့် အမျိုးသားညွန့်ပေါင်းအစိုးရ၊ စင်ပြိုင်အစိုးရမာနယ်ပလောဒ်ဖွဲ့စဉ်က မိမိကိုယ်တိုင်မီခဲ့ကြောင်း၊ KNU ဘက်နှင့် ဗိုလ်ချုပ် ဘရန်ဆိုင်းနှင့် ဗိုလ်ချုပ်မြဘက်နှင့် ထောင်လိုက်သော်လည်း နောက်ပိုင်းတွင် တော်လှန်ရေး ရန်ပုံငွေများ အလွဲသုံးစားမှုများ ဖြစ်လာသည့်အခါတွင် ဒေါက်တာစိန်ဝင်း၊ ဦးဘိုလှတင့်တို့ကို ဖြုတ်ချရန်အတွက် မိုးသီးဇွန်တို့ပါသည့်အဖွဲ့က ဖြုတ်ချရန် ကြိုးစားမှုပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ လုပ်ဆောင်ရာတွင် ဒေါက်တာစိန်ဝင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ မောင်တစ်ဝမ်းကွဲဖြစ်နေသည့် အချက်တစ်ချက်ကြောင့် ဖယ်ရှားရန်ကိစ္စမှာ လုံးဝမဖြစ်နိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် မိမိတို့ အင်မတန်အားကိုးအားထားပြုရသည့် ခေါင်းဆောင်ကြီးတစ်ဦးက **“ငါတော့မပါဘူး။ မင်းတို့ဖြုတ်ချ။ ဘာဖြစ်လို့ခင်ဗျား မပါရတာလဲမေးတော့ ငါတို့ရဲ့မြန်မာ့ပြည်ပနိုင်ငံရေးဟာ ငါတို့ရဲ့ Life Carrier ဖြစ်နေတယ်ကွ။ ဒါကိုငါတို့ စဉ်းစားဖို့လိုတယ်။ ဒေါက်တာစိန်ဝင်းကို ငါတို့ တိုက်လို့မရဘူး”** ဟုပြောဆိုခဲ့ကြောင်း၊ ဆိုလိုသည်မှာ ပြည်ပြေးများသည် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုသည် ၎င်းတို့၏ အသက်မွေးကြောင်းတစ်ခုအဖြစ် သတ်မှတ်ထားသည်ဆိုသည့်အချက်ကို သိရသည့်အခါတွင် မိမိအနေဖြင့် များစွာတုန်လှုပ်ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိပြောလိုသည်မှာ ဇင်မာအောင်တို့ မိုးဇော်ဦးတို့သည် CIA၊ MI–6၊ NED၊ OSI တို့က ကြိုတင်ရွေးချယ်ထားသည့်လူများသာ NUG မှာပါ၍ရကြောင်း၊ ထိုသို့မဟုတ်သည့် ထီရောင်းသူ၊ စာချုပ်ရောင်းသည့်သူများ၊ မြန်မာနိုင်ငံမှ နေအိမ်များအဆုံးရှုံးခံပြီး မြန်မာနိုင်ငံတွင် သိန်းပေါင်း၊ သန်းပေါင်းများစွာ ပိုင်ဆိုင်မှုများကို စွန့်လွှတ်ပြီး ပြည်ပြေးဖြစ်ပြီး အမေရိကန်ကို ရောက်သွားသည့် ဆယ်လီများ၊ စာချုပ်ရောင်း၊ ထီရောင်းပေးနေသူများ၊ ဗိုလ်ချုပ်ကြီး မင်းမော်ကွန်းတို့ကဲ့သို့ ထိုင်းနယ်စပ်တွင် ဂိန်နေရသူများ၊ အနုပညာရှင်များ၊ ထောင်ထဲရောက်ပြီး ဘဝပျက်သူများ၊ အနုပညာရှင်များနှင့် မြန်မာနိုင်ငံမှ ဆယ်လီများသည် အသုံးချခံသက်သက်ဖြစ်ကြောင်း၊ ၎င်းတို့ကို NUG က အရဝကဖ (အရက်ဝယ်ကြက်ဖမ်း)အဆင့်သာ သတ်မှတ်ထားကြောင်း၊ ယင်းတို့သည် NUG မှာ နေရာရလာမည်မဟုတ်ကြောင်း၊ နေရာပေးရန်လည်း အစီအစဉ်မရှိကြောင်း။

NUG ၏ အဓိက နိုင်ငံခြားရေးဌာန၊ ဘဏ္ဍာရေးဌာနတို့က CIA၊ MI–6၊ NED၊ OSI၊ ဂျော့ဆိုးရော့ ကိုင်ထားသည့် Story၊ ရွေးချယ်ထားသည့်သူများသာ ၎င်းနေရာကိုရနိုင်မည်ဖြစ်ကြောင်း၊ ယင်းကို မိမိအနေဖြင့်သိစေလိုကြောင်း၊ မည်သူတွေ မည်မျှအနစ်နာခံခဲ့သည်ဖြစ်စေ လမ်းမများပေါ်၌သေ၊ တောထဲ၌သေ၊ စစ်ကိုင်းတိုင်း၌ကြိုက်သလောက်သေပါစေ၊ ထိုသူများသည် NUG အစိုးရတွင် မည်သည့်အချိန်မှာမှ နေရာရလာမည် မဟုတ်ကြောင်းကို ညီငယ်များကို ဆယ်လမွန်စိတ်ဓာတ်ဖြင့် ပြောလိုကြောင်း၊ မိမိတို့သည် ဆယ်လမွန်ငါးကဲ့သို့ မိမိဇာတိမြေကို သေဖို့ရောက်လာကြသူများသာဖြစ်ကြောင်း၊ မိမိတို့ ခန္ဓာကိုယ်ကိုကျွေးပြီး နောက်မျိုးဆက်ကို ရှင်သန်ဖို့ လုပ်ရမည့်အချိန်ရောက်နေပြီဖြစ်ကြောင်း၊ မိမိသမိုင်းကို ချနင်းပြီးပြောခြင်းဖြစ်ကြောင်း၊ ပြည်ပြေးလုပ်ရန် ကြိုးပမ်းနေသူများ၊ ပြည်ပြေးလောကထဲမှ ညီငယ်များ၊ အကြမ်းဖက်တိုက်နေသည့် စစ်ကိုင်းတိုင်းထဲမှ ညီငယ်များကိုပြောလိုသည်မှာ **“မင်းတို့ ဘယ်တော့မှ ဘာမှ ဖြစ်မလာဘူး။ သူတို့ CIA၊ MI–6၊ NED၊ OSI ကသူတို့လူတွေ၊ ဇင်မာအောင်၊ မိုးဇော်ဦး၊ အိသဉ္ဇာမောင်၊ မြအေး၊ မင်းကိုနိုင်၊ ဂျင်မီ၊ ဇေယျာသော်တို့ကို သူတို့သတ်မှတ်ရွေးထားပြီးဖြစ်တယ်”**၊ ဒေါ်အောင်ဆန်းစုကြည်အလွန်ဆိုသည်ကို ဇာတ်ညွှန်းဆွဲထားပြီး အဆိုပါ Plan ကို ဆွဲထားခြင်းဖြစ်သောကြောင့် မည်သူတို့ သေသေ၊ မည်သူဘာဖြစ်ဖြစ်၊ သူဌေးများလည်း ဘဝပျက်၊ PDF များလည်း လမ်းပေါ်မှာသေ၊ စစ်ကိုင်းတိုင်းထဲ၌ဆိုလည်း ဘဝများပျောက်ကုန်ပြီဖြစ်ကြောင်း၊ သို့သော်လည်း ဘာမှဖြစ်လာမှာ မဟုတ်ကြောင်း၊ မိမိတို့ ပါဝင်ခဲ့သည့် ၁၉၈၈ ကဲ့သို့ပင် ၂၀၂၁ NUG အစိုးရသည်လည်း တော်လှန်ရေးထဲတွင် လုပ်စားပြီး လူထုရန်ပုံငွေနှင့်ရပ်တည်ကာ ကျဆုံးသွားမည်ဆိုသည့် သံသရာသာလည်သွားမည်ဖြစ်ကြောင်း၊ အထက်ပါအကြောင်းအရာများကို မိမိအနေဖြင့် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲတွင် ရှင်းပြခွင့်ရသည့်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပပေးသည့် နိုင်ငံတော်အစိုးရကိုကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့လက်မှုအနုပညာရှင်များ မွေးထုတ်ပေးရာ ယွန်းပညာကောလိပ် (ပုဂံ)

ခန့်ဇော် (ကျေးလက်)

"လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ (Social Enterprises Management- SEM) နဲ့ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ (Marketing Management-MM) ဘာသာရပ်တွေနဲ့ ကျောင်းပြီးခဲ့တဲ့ ကျောင်းသားတွေထဲမှာဆိုရင် ယွန်းပညာကောလိပ်ကနေ ပေါင်းကူးလာတဲ့သူတွေလည်း ရှိတယ်ဆရာ။ Business Plan Contest တွေလုပ်တဲ့အခါ **ယွန်းပညာကောလိပ်က ပေါင်းကူးလာတဲ့ကလေးတွေဟာ သူတို့ရဲ့ကိုယ်ပိုင် Products တွေနဲ့ Business Plan လုပ်ပြီးဝင်နိုင်ကြတဲ့အထိ Idea ရော Creativity ပါရှိကြတာ၊ လက်တွေ့ပြန်အသုံးချနိုင်ကြတာ တွေ့ရပါတယ်။**"

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် ကျောင်းဆင်းများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီးဆွေးနွေးဖြစ်ကြရင်း သန်လျင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် ပါမောက္ခချုပ်ထံမှ ယွန်းပညာကောလိပ်မှ ပေါင်းကူးလာသည့် ကျောင်းသားများ၏ အရည်အသွေးကို စ၍ ကြားဖူးခဲ့သည်။ ကြားလျှင်ကြားချင်းလည်း နှစ်ခြိုက်အားရ ဖြစ်မိရသည်။

သင်ကြားသည့်ပညာကို လက်တွေ့ပြန်လည် အသုံးချရာတွင် ကိုယ်ပိုင်ထုတ်ကုန်များပါ ထုတ်လုပ်ရောင်းချနိုင်စေသည့် ယွန်းပညာကောလိပ်ကဲ့သို့ အသက်မွေးဝမ်းကျောင်း ကောလိပ်မျိုးဆိုသည်က မိမိတို့နိုင်ငံတွင် များများစားစားရှိသည်မဟုတ်။ မြန်မာမှုအနုပညာ တစ်ရပ်လည်းဖြစ်၊ ကိုယ်ပိုင်ထုတ်ကုန် ထုတ်လုပ်နိုင်သည့်ပညာရပ်လည်းဖြစ်သည့်အပြင် အသိအမှတ်ပြုဒီပလိုမာဘွဲ့ပါရရှိနိုင်သည်ဆိုတော့ "တိုင်း၍ရက်သည့်ပက္ကလာ မိုးရွာသည်နှင့် အနန်သင့်" ဆိုသလို ပါပင်။

**ယွန်းပညာကောလိပ်(ပုဂံ)၏အစ**

ပန်းယွန်းဟုခေါ်သည့် ယွန်းလက်မှုပညာသည် ၁၅၅၅- ၁၅၆၂ ခုအတွင်း ဘုရင့်နောင်မင်းကြီး လက်ထက်ကတည်းက စတင်ထွန်းကားလာခဲ့သည်ဟု မှတ်တမ်းမှတ်ရာများတွင် တွေ့ရသည်။ လွန်ခဲ့သောရာစုနှစ်များစွာကပင် တည်ရှိခဲ့သည့် ယွန်းထည်လုပ်ငန်းအတတ်ပညာနှင့် နည်းစနစ်များ တိမ်ကောပပျောက်မှုမရှိစေရန်၊ မြန်မာ့ယွန်းထည် လုပ်ငန်းအတတ်ပညာများ ရှာဖွေဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရန်၊ မြန်မာ့ရိုးရာယွန်းထည်နည်းစနစ်များ မပျက်ယွင်းစေဘဲ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်တီထွင်ပြီး ရရှိသည့်နည်းပညာများကို ဖြန့်ဖြူးပေးရန်၊ ယွန်းအတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပျိုးထောင်ပေးရန်၊ ယွန်းထည်လုပ်ငန်း အတတ်ပညာသင်ကြားရေးကို ပညာသင်ကြားမှုနည်းလမ်းများနှင့်အညီ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စီးပွားရေးပညာတတ်ကျွမ်းနားလည်သော ယွန်းအတတ်ပညာရှင်များပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အစိုးရယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် မြန်မာ့ယွန်းသိပ္ပံအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ယွန်းပညာကောလိပ်အဖြစ်လည်းကောင်း အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့သည်။

**သင်ကြားလျက်ရှိသည့် ဘာသာရပ်များနှင့် ကာလတိုသင်တန်းများ**

ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများအနေဖြင့် ဂျပန်ယွန်းထည် နည်းပညာဆင့်ပွားသင်တန်း၊ ဝါးတာရှည်ခံသင်တန်း၊ ဝါးလက်မှုအနုထည်သင်တန်း၊ အနက်ထည် ယွန်းပညာသင်တန်း၊ ရွှေဇဝါယွန်းပညာသင်တန်း၊ ကညစ်ယွန်းပညာသင်တန်း၊ သားရိုးပန်းကြွယွန်း နည်းပညာသင်တန်း၊ ရွှေပြားခတ်နည်းပညာ သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ယွန်းအတတ်ပညာဒီပလိုမာ နှစ် နှစ်၊ ဘွဲ့လွန်ဒီပလိုမာတစ်နှစ် ပုံမှန်သင်တန်းများတွင်မူ ယွန်းပညာဆိုင်ရာဘာသာရပ်များအနေဖြင့်-

(၁) အခြေခံထည်(သစ်/ဝါး)ဘာသာရပ်
(၂) အနက်ထည်ဘာသာရပ်
(၃) ကညစ်ယွန်းဘာသာရပ်
(၄) ရွှေဇဝါယွန်းဘာသာရပ်
(၅) သားရိုးပန်းကြွယွန်းဘာသာရပ်
(၆) ပန်းချီဘာသာရပ်
(၇) ပန်းပုဘာသာရပ်
(၈) အခြေခံထုပ်ပိုး၊ နိုင်ငံတကာယွန်း
(၉) ဓာတုဗေဒ၊ ရုက္ခဗေဒဘာသာရပ်များ သင်ကြားပေးလျက်ရှိပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်ပေါင်းကူးဘာသာရပ်များ အနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ICT၊ စီးပွားရေးပထဝီ၊ မြန်မာ့ရေးရာ၊ သမဝါယမပညာ၊ ဘောဂဗေဒ၊ စီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာနှင့် စာရင်းကိုင်ပညာဘာသာရပ်များ သင်ကြားပေးလျက် ရှိသည်။



ယွန်းလက်မှုအရောင်းဆိုင်ရှိ ယွန်းထည်အသုံးအဆောင်ပစ္စည်းများ။

> ✳ **ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများ အနေဖြင့် ဂျပန်ယွန်းထည် နည်းပညာဆင့်ပွားသင်တန်း၊ ဝါးတာရှည်ခံ သင်တန်း၊ ဝါးလက်မှုအနုထည်သင်တန်း၊ အနက်ထည် ယွန်းပညာ သင်တန်း၊ ရွှေဇဝါယွန်းပညာသင်တန်း၊ ကညစ်ယွန်းပညာသင်တန်း၊ သားရိုးပန်းကြွယွန်း နည်းပညာသင်တန်း၊ ရွှေပြားခတ်နည်းပညာသင်တန်း များ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်**

**နိုင်ငံခြားတက္ကသိုလ်နှင့် ယွန်းနည်းပညာ ပူးပေါင်းဖလှယ်မှုများ**

ထို့ပြင် ယွန်းပညာကောလိပ်သည် ယွန်းပညာရပ်များ ခေတ်နှင့်အညီတိုးတက်လာစေရန်အတွက် ဂျပန်နိုင်ငံ၏ Utsunomiya University၊ Tokyo University of Art ၊ Kanazawa Arts University၊ Tokyo National Research Institute for Cultural Properties၊ ထိုင်းနိုင်ငံရှိ Rajamangala University of Technology Lanna နှင့် အီတလီနိုင်ငံရှိ Albertina Academy of Fine Arts of Turin စသည့် နိုင်ငံခြားတက္ကသိုလ်များနှင့်လည်း ပညာရပ်ဆိုင်ရာ နည်းနှောဖလှယ်မှုများ ပြုလုပ်ပေးလျက်ရှိသကဲ့သို့ ဂျပန်နိုင်ငံ၏ Asia Lacquer Craft Exchange Research Project တွင် ပါဝင်ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရသည်။

**ပေးအပ်သည့်ဘွဲ့၊ ဒီပလိုမာ**

ယွန်းအတတ်ပညာဒီပလိုမာ နှစ် နှစ်သင်တန်း/တစ်နှစ်သင်တန်း တက်ရောက်အောင်မြင်ပါက **Diploma in Lacquerware Technology(Dip. L.T) ယွန်းအတတ်ပညာဒီပလိုမာဘွဲ့** ပေးအပ်ပါသည်။

**ဒီပလိုမာသင်တန်း တက်ရောက်ရန် လိုအပ်သည့် ပညာအရည်အချင်း**

**ယွန်းအတတ်ပညာဒီပလိုမာ နှစ် နှစ်သင်တန်း**ကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး **ယွန်းအတတ်ပညာဘွဲ့လွန် ဒီပလိုမာ (Post Graduate Diploma) တစ်နှစ်သင်တန်း**ကို တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူများ တက်ရောက်နိုင်ပါသည်။

**ဒီပလိုမာ နှစ်နှစ်သင်တန်း တက်ရောက်ပြီးသူများ၏ ပညာဆက်လက်ဆည်းပူးခွင့်**

ယွန်းအတတ်ပညာဒီပလိုမာ နှစ် နှစ်သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ အနေဖြင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းသို့ ပေါင်းကူးတက်ရောက်ခွင့် ရှိသည့်အပြင် အဝေးသင်တက္ကသိုလ်၊ ဝိဇ္ဇာ (စီးပွားရေး) သို့ တက်ရောက်လိုပါကလည်း ဆက်လက်တက်ရောက်နိုင်ပါသည်။

နှစ် နှစ်တာခန့် အချိန်ပေးလိုက်ရုံဖြင့် ဒီပလိုမာဘွဲ့တစ်ခုရရှိရုံသာမက အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခု တတ်မြောက်သွားကာ လက်တွေ့ပြန်လည်အသုံးချလုပ်ကိုင်နိုင်မည့်အပြင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ဖြစ်စေ၊ အဝေးသင်တက္ကသိုလ်၊ ဝိဇ္ဇာ(စီးပွားရေး) သို့ဖြစ်စေ ဆက်လက်တက်ရောက်လိုပါက တက်ရောက်နိုင်ခြင်းသည် ယွန်းကောလိပ်၏ အားသာချက်ဖြစ်သည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်မည်ဆိုပါက စီးပွားရေးသိပ္ပံဘွဲ့(B.BSc) ကို လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ (Social Enterprises Management- SEM)၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုပညာ (Regional Development-RD)၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ (Accounting and Finance- AF)၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ (Marketing Management-MM)၊ အသုံးချစာရင်းအင်းပညာ (Applied Statisitics-AS) စသည့် အထူးပြုဘာသာရပ် ငါးမျိုးအနက် နှစ်သက်ရာ အထူးပြုဘာသာရပ်ဖြင့် တက်ရောက်ရယူနိုင်မည်ဖြစ်သည်။

**ယွန်းပညာကောလိပ်တက်ရောက်လျှင် ရရှိနိုင်သည့် ဝန်ဆောင်မှု**

ယွန်းပညာကောလိပ် တက်ရောက်ခြင်းဖြင့် အဆောင်နေထိုင်ခွင့်နှင့် ရေ၊ မီး အခမဲ့သုံးစွဲခွင့်၊ ကျောင်းဝင်းအတွင်း အင်တာနက်အခမဲ့သုံးစွဲခွင့်၊ Multimedia Room အား အခမဲ့အသုံးပြုခွင့်၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည် စသော အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲခွင့် စသည့် ဝန်ဆောင်မှုများ ရရှိနိုင်ပြီး အစားအသောက်အတွက်ကိုလည်း ကျောင်းသား၊ ကျောင်းသူ၏ သဘောဆန္ဒအတိုင်း စားရိပ်သာကော်မတီမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့သော ကျောင်းအိပ်ကျောင်းစား ကောလိပ် ကျောင်းသားတစ်ယောက်၏ ရပိုင်ခွင့်များအပြင် ပုဂံမြေမှာနေရင်း စာသင်ကြားခွင့်ရခြင်းကလည်း ကုသိုလ်တစ်မျိုးထူးသည် ဆိုရပါမည်။ ပုဂံမြေဆိုသည်က "မြန်မာမှန်လျှင် ပုဂံရောက်ဖူးရမည်" ဟုပင် ဆိုရိုးရှိရသည့်နယ်မြေ။

ဖွင့်လင်းရာသီရောက်ပြီဆိုမှုဖြင့် နိုင်ငံခြားသားများ သာမဟုတ် မြန်မာပြည်အရပ်ရပ်က ဘုရားဖူးဧည့်သည်များပါ ပုဂံမြေတွင် ခြေချင်းလိမ်ကြပြီ။ သည်သို့သောပုဂံ၊ အစဉ်အလာသမိုင်းကြီးသည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမှာနေရင်း ပုဂံဘုရားတွေ စိတ်ကြိုက် *စာမျက်နှာ ၂၁ သို့*

# ရန်ကုန်တိုင်းဒေသကြီး၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရာသီဥတုပြောင်းလဲလာမှုကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် စနစ်တကျစီမံနိုင်ရန် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကို ကြိုတင်ပြင်ဆင်စုဖွဲ့ထားပြီးဖြစ်၍ လုပ်ငန်းကော်မတီအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အပါအဝင် တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ပုသိမ်မြို့နယ်၌ မိုးရာသီ လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင် ၁၄ သိန်းကျော် ပျိုးထောင်ထား

**ပုသိမ် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သစ်တောဦးစီးဌာနသည် ၂၀၂၂ ခုနှစ် မိုးရာသီအတွက် လူထုဖြန့်ချိစိုက်ပျိုးရန် သစ်ပင်မျိုးစုံ ပျိုးပင်စုစုပေါင်း ၁၄၁၅၈၀၀ ကို ပျိုးထောင်ထားကြောင်း သိရသည်။

မိုးရာသီကာလအတွင်း စိုက်ပျိုးရန် ပျိုးထောင်ထားခြင်းဖြစ်ကာ ဌာနဆိုင်ရာတပ်ရင်း/ တပ်ဖွဲ့များသို့ ပျိုးပင် ၂၁၅၀၉၀၊ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပျိုးပင် ၁၀၂၁၀၊ မိုးရာသီအကြိုသစ်ပင်စိုက်ပွဲတော်သို့ ပျိုးပင် ၂၃၉၄၀၊ ICM ဒီရေတောနှင့် အရိပ်ရပင်စိုက်ပျိုးပွဲသို့ ၁၁၃၁၀၊ လမ်းဘေးဝဲ၊ ယာ တစ်အုပ်တစ်မစိုက်ပျိုးခြင်းသို့ ပျိုးပင် ၂၅၃၀၅ ပင်၊ ပြည်သူလူထုဖြန့်ဝေစိုက်ပျိုးခြင်းသို့ ပျိုးပင် ၁၁၀၄၆၆၅ ပင်၊ ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ကေသို့ ပျိုးပင် ၂၅၂၈၀ တို့ကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးမည့် ပျိုးပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ဝါး၊ ယူကလစ်၊ ပင်လယ်ကဗွီး၊ မာလာလူတာတို့ဖြစ်ပြီး ဒီရေတောများတွင်စိုက်ပျိုးရန်အတွက် နှံ့ဖြူး၊ မဒမ၊ ဖြူးခြေထောက်(ဖို/မ)၊ ဗျူးအုပ်ဆောင်း၊ ကျနဲ၊ ကနစို စသည့် ပျိုးပင်မျိုးများကိုလည်း ပျိုးထောင်ထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်တွင် Grade-11 (သင်ရိုးသစ်) ဆင့်ပွားသင်တန်းဖွင့်

**ဥတ္တရသီရိ မေ ၂၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ အထက်တန်းအဆင့် Grade-11 (သင်ရိုးသစ်) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ မေ ၂၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးပြည့်ဖြိုးမင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အခြေခံပညာအထက်တန်းအဆင့် Grade-11 (သင်ရိုးသစ်) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ Grade-11 (သင်ရိုးသစ်) မြို့နယ်အဆင့် ဆင့်ပွားသင်တန်းတွင် သင်တန်းနည်းပြ ၁၀ ဦးက မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ ကာယပညာ၊ စာရိတ္တနဲ့ပြည်သူ့နီတိ ဘာသာရပ်များကို သင်တန်းသား (၉၁) ဦးအား သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မောင်မွှေး**

*စာမျက်နှာ ၂၀ မှ*

ဖူးမြော်ခွင့်ရခြင်းကလည်း ယွန်းပညာကောလိပ်ကျောင်းသားများအတွက် အခွင့်ထူးတစ်ရပ်ပါပင်။

စာသင်ကြားရင်း ဒေသန္တရဗဟုသုတရော၊ သမိုင်းအမွေအနှစ် ယဉ်ကျေးမှုပြယုဂ်များဖြင့်ပါ ထိတွေ့ခွင့်ရနိုင်မည့်အခွင့်အရေးသည် ယွန်းပညာကောလိပ်တွင်သာ ရနိုင်မည်ဖြစ်သည်။

**နှစ်စဉ်လက်ခံနိုင်သည့် ကျောင်းသားဦးရေနှင့် ယွန်းအတတ်ပညာရှင်များမွေးထုတ်ပေးနိုင်မှု**

ယွန်းပညာကောလိပ်အနေဖြင့် နှစ်စဉ်ကျောင်းသားဦးရေ ၂၀၀ ခန့် လက်ခံသင်ကြားပေးနိုင်ပြီး လက်ရှိအချိန်အထိ ယွန်းအတတ်ပညာဒီပလိုမာဘွဲ့ရ ၁၃၁၆ ဦး၊ ယွန်းအတတ်ပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ရဦးရေ ၅၀၊ အခြေခံယွန်းပညာသင်တန်းဆင်း ၁၀၆၅ ဦး၊ အထက်တန်းယွန်းပညာသင်တန်းဆင်း ၁၃၃ ဦးခန့် မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

**ယွန်းထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ...**

သည်ပညာတတ်မြောက်ခြင်း၊ သည်ပညာဖြင့် အသက်မွေးခြင်းသည် တစ်ဖက်တွင် နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာလက်မှုပညာကို ထိန်းသိမ်းရာရောက်သလို တစ်ဖက်တွင်လည်း ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်မှုမှသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားဝင်ငွေရရှိမှု၊ နိုင်ငံရပ်ခြား ပို့ကုန်တင်ပို့နိုင်မှုနှုန်း တိုးမြင့်စေမှုတို့အတွက် များစွာအထောက်အကူပြုနိုင်သည်ကို တွေ့ရသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားတို့၏ လုပ်ငန်းစွမ်းဆောင်ရည်၊ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်နိုင်မှု၊ တစ်ဦးချင်းဝင်ငွေတိုးတက်မှုတို့အပေါ်တွင် မှီတည်နေသည်။ သွင်းကုန်တင်သွင်းရမှုထက် ပို့ကုန်တင်ပို့နိုင်မှုနှုန်းမြင့်မားမည်ဆိုလျှင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။




စံချိန်စံညွှန်းပြည့်မီသော ခေတ်မီယွန်းထည်ပစ္စည်းများ ဆန်းသစ်ထုတ်လုပ်နိုင်ခြင်းအားဖြင့် နိုင်ငံခြားသို့တင်ပို့ရောင်းချရန် အခွင့်အလမ်းများပြားစေသည့်အပြင် နိုင်ငံခြားသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ထောက်ကူပေးနိုင်မည်ဖြစ်သည်။ ပုဂံဒေသသည် နိုင်ငံခြားခရီးသွားများ အထူးအာရုံစိုက် သွားလာလည်ပတ်သည့်နေရာဖြစ်သည့်အပြင် ပုဂံရှိ ယွန်းပြတိုက်၊ ယွန်းထည်လုပ်ငန်းလုပ်ကိုင်သည့် ပုဂံ- မြင်းကပါရွာ၊ မုံရွာ -ကျောက္ကာမြောက်ရွာတို့သည် နိုင်ငံခြားသားများလာရောက် လေ့လာရန် ဖိတ်ခေါ်နိုင်သည့် နေရာများ ဖြစ်ပေသည်။

မိမိ၏ တစ်ကိုယ်ရေ/ မိသားစုဘဝရပ်တည်မှု၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ကိုင်မှုမှသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအထိ ဦးတည်မျှော်မှန်းဆောင်ရွက်နိုင်ခြင်းသည် ယွန်းထည်လုပ်ငန်း၏အားသာချက်တစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဖြစ်ပေရာ ယွန်းထည်လက်မှုပညာဖြင့် အသက်မွေးသူ၊ ယွန်းထည်လုပ်ငန်း လုပ်ကိုင်သူများမှာ "ကျွဲကူးရေပါ" ဆိုသကဲ့သို့ပင် လုပ်ငန်းလုပ်ကိုင်ရင်းဖြင့် နိုင်ငံသားတာဝန် ကျေပွန်လျက်ရှိချေသည်။

**မျက်မှောက်ခေတ်ရှိ ယွန်းလက်မှုပညာ ထွန်းပေါက်မှုအခြေအနေ**

သည်ပညာရပ်ကို မိရိုးဖလာ လက်ဆင့်ကမ်းသင်ယူလုပ်ကိုင်နေသူတွေရှိသလို ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းသို့ တက်ရောက်သင်ယူပြီး လုပ်ငန်းလုပ်ကိုင်နေသူများလည်းရှိပါသည်။ သို့ရာတွင် သည်ပညာရပ်ဖြင့် လုပ်ကိုင်အသက်မွေးမှု၊ လက်ဆင့်ကမ်းထိန်းသိမ်းသယ်ဆောင်လာမှုအခြေအနေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုလျှင် နည်းပါးနေသည်ကိုတွေ့ရသည်။ ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းရန် နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါသည်။ အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်ပြီး နည်းပညာပိုင်းအရ အဆင့်မီမီ ခေတ်မီတိုးတက်အောင် ဆန်းသစ်ဖန်တီးနိုင်မှသာလျှင် ယွန်းထည်လက်မှုအတတ်ပညာ မတိမ်ကော မပပျောက်မည်ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ် ယွန်းထည်လက်မှုအတတ်ပညာရှင်များ အမြောက်အမြားပေါ်ထွက်လာအောင် မွေးထုတ်ပေးနိုင်ရန်၊ ပြုစုပျိုးထောင်ပေးနိုင်ရန်လိုပေသည်။ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ကောလိပ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ယွန်းပညာကောလိပ်သည် ယွန်းထည်အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်မည့်၊ ယွန်းလက်မှုပညာရပ်များ မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်သည့် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ယွန်းလက်မှုပညာအတတ်သင်ကျောင်း ဖြစ်ပါသည်။

**ယွန်းပညာကောလိပ်သို့ တက်ရောက်လိုလျှင်**

ယွန်းပညာကောလိပ် တက်ရောက်ရန် စိတ်ပါဝင်စားသည့် ဝန်ထမ်းမိသားစုများ၏သား/ သမီးများအပါအဝင် တိုင်းရင်းသားပြည်သူ၊ မည်သူမဆို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးလျှင်ဖြစ်စေ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးလျှင်ဖြစ်စေ လျှောက်ထားတက်ရောက်နိုင်ပါသည်။ လိုအပ်သည်များကို အသေးစိတ်သိရှိလိုပါက **ဖုန်း- ၀၆၁- ၂၄၆၀၂၆၇၊ ၀၉-၂၅၆၀၉၆၆၉၊ ၀၉-၄၀၂၆၈၈၇၆၃** တို့သို့ဖြစ်စေ၊ www.ltcbagan.edu.mmမှဖြစ်စေ၊ lacquerwaretechnologycollege@gmail.com သို့ဖြစ်စေ၊ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်း ထပ်လောင်းအသိပေးရင်း လက်မှုအနုပညာဝါသနာပါသူ၊ လုပ်ငန်းခွင်အမြန်ဝင်ရောက်လိုသူ၊ မြန်မာ့ယဉ်ကျေးမှုလက်မှုပညာအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်လက်ဆင့်ကမ်း သယ်ဆောင်လိုသူ မျိုးဆက်သစ်လူငယ်များအတွက် ယွန်းပညာကောလိပ်သည် ရွေးချယ်တက်ရောက်သင့်သည့် ကောလိပ်တစ်ခုဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍမှာ Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ် မပြည့်စုံသော ကြိယာများ) အကြောင်းကို လွယ်ကူရိုးရှင်းစွာ ရှင်းလင်းတင်ပြလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about airport English–5" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်တွေနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာလည်း ယခင်အပတ်ကဖော်ပြခဲ့တဲ့ Verbs (ကြိယာ) တွေအကြောင်းကို ဆက်လက်ဖော်ပြပေးပါဦးမယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ်မပြည့်စုံသော ကြိယာများ) အကြောင်းကို ဖော်ပြလိုက်ပါတယ်။

**Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ်မပြည့်စုံသောကြိယာများ)**

အဓိပ္ပာယ်မပြည့်စုံသောကြိယာများဆိုသည်မှာ ဝါကျတစ်ကြောင်းတွင် ကြိယာများပါသော်လည်း အဓိပ္ပာယ်မပြည့်စုံသည့်အတွက် အဓိပ္ပာယ် ပြည့်စုံအောင်၊ ဆိုလိုရင်း အဓိပ္ပာယ်သက်ရောက်အောင် အဖြည့်ပုဒ် ထပ်မံထည့်ပေးရသော ကြိယာများကိုဆိုလိုသည်။ ဥပမာ–

–The baby sleeps.

–The baby seems happy.

အထက်တွင်ဖော်ပြထားသော ကြိယာနှစ်ခုစလုံးသည် ကံမလိုကြိယာများ (Intransitive Verbs) များ ဖြစ်ကြသည်။ အဆိုပါကြိယာများနောက်တွင် ကံပုဒ်လိုက်စရာမလိုသော်လည်း ဆိုလိုရင်းအဓိပ္ပာယ်သက်ရောက်နေကြောင်းတွေ့နိုင်သည်။ ပထမဝါကျဖြစ်သည့် The baby sleeps (ကလေးငယ်အိပ်နေသည်) ဆိုသည့်ဝါကျသည် Sub နဲ့ Verb ပါပြီး အဓိပ္ပာယ်ပြီးပြည့်စုံနေကြောင်းတွေ့ရမည်။ သို့သော်လည်း ဒုတိယဝါကျတွင် The baby seems ဟုပြောလျှင် Sub နှင့် Verb ပါဝင်သော်လည်း အဓိပ္ပာယ်ပြည့်စုံမသွားဘဲ တစ်ခုခုလိုနေသေးသည်ကို တွေ့ရမည်။ ထိုအခြေအနေမျိုးတွင် ဝါကျကို အဓိပ္ပာယ်ပြည့်စုံသွားအောင် အဖြည့်ပုဒ် ထပ်မံထည့်ပေးရသည်။ ဤနေရာတွင် happy ဆိုသည့် နာမဝိသေသန အဖြည့်ပုဒ် (Adjective Complement) ကို ထည့်ပေးလိုက်မှသာ အဓိပ္ပာယ်ပြည့်စုံသွားသည်ကို တွေ့ရမည်။ ထိုကဲ့သို့ အဓိပ္ပာယ်ပြည့်စုံအောင် ထပ်မံထည့်ပေးရသော ကြိယာများကို Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ် မပြည့်စုံသောကြိယာများ)ဟုခေါ်သည်။

အဖြည့်ပုဒ်များတွင် များသောအားဖြင့် –

- နာမဝိသေသန အဖြည့်ပုဒ် (Adjective Complement)
- နာမ်အဖြည့်ပုဒ် (Noun Complement)
- ကြိယာဝိသေသန အဖြည့်ပုဒ် (Adverb Complement)
- ကြိယာဝိသေသနစကားစုများအဖြည့်ပုဒ် (Adverbial Complement) ရှိသော်လည်း ဤနေရာတွင် နာမဝိသေသနအဖြည့်ပုဒ် (Adjective Complement) နှင့် နာမ်အဖြည့်ပုဒ် (Noun Complement) တို့ကိုသာ များသောအားဖြင့်သုံးသည်။

Verbs of Incomplete Predication (ကြိယာပုဒ်၏ အဓိပ္ပာယ်မပြည့်စုံသောကြိယာများ)သည် များသောအားဖြင့် ဖြစ်ခြင်း၊ ဖြစ်လာခြင်း၊ ဖြစ်ဟန်ရှိခြင်း၊ ပုံပေါ်ခြင်း၊ လက္ခဏာရှိခြင်းစသည့် အတွေးအခေါ်များကို ဖော်ပြလေ့ရှိသည်။

* * * * * * * *

### ယခင်အပတ်လေ့ကျင့်ခန်းမှအဖြေများ

**Exercise (1) မှအဖြေများ**

1. apply

We *applied* to the bank for the loan. (v.i)

We *applied* the ointment to the cut. (v.t)

2. begin

The meeting *began* in the morning and finished at noon. (v.i)

They both *began* their careers at the local newspaper. (v.t)

3. rest

We will not *rest* until we discover the truth. (v.i)

You should *rest* your eyes after all that reading. (v.t)

4. set

We sat on the beach and watched the sun *set*. (v.i)

We need to *set* some extra chairs around the table. (v.t)

5. shine

The moon *shined* brightly. (v.i)

Please *shine* the flashlight over here. (v.t)

6. study

Did you *study* for the test? (v.i)

He was *studying* her face for reaction. (v.t)

7. call

I *call* once a week to talk to my parents. (v.i)

Her parents *called* her Katherine. (v.t)

8. feel

How do you *feel* about this proposal? (v.i)

He *felt* a sudden pain in his leg. (v.t)

9. say

Don't start until I *say*. (v.i)

How do you *say* your name? (v.t)

10. move

The branches *moved* gently in the breeze. (v.i)


He *moved* the chair closer to the table. (v.t)

## VOCABULARY (IDIOM)

| | | | |
|---|---|---|---|
| 1. | genuine | = | real (စစ်မှန်သော) |
| 2. | glad | = | happy (ဝမ်းသာသော) |
| 3. | glance | = | look (ဖျတ်ခနဲကြည့်သည်) |
| 4. | gleaming | = | shining (ဝင်းလက်တောက်ပခြင်း) |
| 5. | gorgeous | = | splendid (အလွန်လှပသော၊ ခမ်းနားထည်ဝါသော) |
| 6. | gratitude | = | thankfulness (ကျေးဇူး၊ ကျေးဇူးတင်ခြင်း) |
| 7. | grave | = | serious (လေးနက်သော) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about airport English – 5

ဒီတစ်ပတ်မှာတော့လေယာဉ်လေဆိပ်ဆိုက်ရောက်လာတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about airport English–5" ဆိုပြီးဖော်ပြလိုက်ပါတယ်။

*Can you (please) tell me ….*

*should be arriving*

*will be arriving*

*How long are you staying?/ How long will you be staying?*

*Enjoy your stay!*

*You're all set.*

၁။ ကျေးဇူးပြုပြီး ပြောပြနိုင်မလားဆိုပြီး ပြောရင် Can you (please) tell me? ဆိုပြီးပြောနိုင်ပါတယ်။ အဲ့နောက်မှာတော့ ကိုယ်မေးချင်တဲ့ သို့မဟုတ် ကိုယ်ပြောချင်တာကို ဆက်ပြောနိုင်ပါတယ်။ ဥပမာ–

- Can you please tell me where I pick up my bag?

၂။ မကြာမီမှာ ရောက်လာလိမ့်မယ်ဆိုပြီးပြောတဲ့အခါ will be arriving နဲ့လည်း ပြောနိုင်သလို should be arriving နဲ့လည်း ပြောနိုင်ပါတယ်။ ဥပမာ–

- It looks like your bag will be arriving on Carousel 4.
- Your bag should be arriving soon.

၃။ ဘယ်လောက်ကြာကြာနေမလဲ။ ဘယ်လောက်ကြာကြာနေဖို့ စီစဉ်ထားလဲဆိုပြီး မေးတဲ့အခါမှာတော့ ဒီလိုမေးပါလိမ့်မယ်။

- How long are you staying?
- How long will you be staying?

၄။ ပျော်ပျော်ရွှင်ရွှင်နေပါဆိုပြီး ပြောရင်တော့

- Enjoy your stay!

၅။ အားလုံးပြီးပြီ။ အဆင်ပြေတယ်ဆိုပြီး Border Control Officer ကပြောတဲ့အခါ ဒီလိုပြောမှာဖြစ်ပါတယ်။

- You're all set.

**Asking Baggage**

Passenger: Can you please tell me where I pick up my bag? I checked one bag on my flight here.

Baggage Handler: Yes. What was your flight number?

Passenger: I was on Flight 803.

Baggage Handler: I see. It looks like your bag will be arriving on Carousel 4.

Passenger: And how do I get there?

Baggage Handler: It's right around the corner. You'll see the number 4 on top, and it should list your flight number as well. Your bag should be arriving soon.

Passenger: Great! Thank you!

**Meeting with Border Control Officer**

Border Control Officer: Hello

Passenger: Hello

Border Control Officer: What is the purpose of your visit?

Passenger: I have a business meeting.

Border Control Officer: Where is the meeting?

Passenger: It's at a law firm in London.

Border Control Officer: And how long are you staying?

Passenger: Until Tuesday.

Border Control Officer: Please put your right hand on the scanner. Thank you. Now look into the camera here. That's great. Thank you and enjoy your stay.

Passenger: Thank you.

Border Control Officer: You're all set. Enjoy your stay!

Passenger: Thank you.

**The questions formally asked by Border Control Officer**

- Passport please.
  Here you are!
- What is the purpose of your visit?
  I'm here on business./ I'm just on holiday./ I'm visiting some relatives./ I'm going to be studying here.
- How long will you be staying?/ How long are you staying?
  Until Tuesday./ I'll be here one year, until May 26 of next year.
- Where will you be staying?/ Where are you staying?/What company are you visiting?
  I'll be staying at my relatives house./ My address will be 473 East Town Street, Apartment 3C. It's in London.
- Do you have anything to declare?
  No, I don't.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့သစ်(ခ) ရပ်ကွက် (၁)လမ်းနေ မေမြတ်နိုးသိမ့် ၂၀ နှစ်သည် ၎င်းအသုံးပြုသည့် “Phone Myintzu (Pyone)” Facebook အကောင့်၊ ပဲခူးမြို့ ဗိုလ်ကုန်း(၁၈)ရပ်ကွက်နေ ငြိမ်းချမ်းအောင် ၂၉ နှစ်သည် ၎င်းအသုံးပြုသည့် “Chan Aung” Facebook အကောင့်၊ လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်နေ နှင်းလဲ့နန္ဒာလွင် ၂၆ နှစ်သည် ၎င်းအသုံးပြုသည့် “နှင်းလဲ့” Facebook အကောင့်၊ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရွှေပင်ရပ်ကွက် စံပြလမ်းနေ ဟိန်းထက်နိုင် ၂၄ နှစ်သည် ၎င်းအသုံးပြုသည့် “Hein Htet Naing” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်နေ အေးအေးမာ ၃၂ နှစ်သည် ၎င်းအသုံးပြုသည့် “Aye Aye Mar” Facebook အကောင့်၊ ပခုက္ကူမြို့ (၁၀)ရပ်ကွက်နေ တိုးကြည် (ခ) တိုးရွှေ ၆၃ နှစ်သည် ၎င်းအသုံးပြုသည့် “Daw Toe Kyi” Facebook အကောင့်၊ ပခုက္ကူမြို့၊ (၁၁)ရပ်ကွက်နေ အောင်ကျော်သက် (ခ)ကျော်သက်သည် ၎င်းအသုံးပြုသည့် “Kyaw Thet” Facebook အကောင့်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဖောင်စိန်ရပ်ကွက်နေ ခင်ရီ ၅၈ နှစ်သည် ၎င်းအသုံးပြုသည့် “Daw Khin Yi” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်နေ မင်းထက်(ခ) အာဂျစ် ၂၂ နှစ်သည် ၎င်းအသုံးပြုသည့် “Min Htet” Facebook အကောင့်၊ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာနေ ခန့်သူဇော် ၁၉ နှစ်သည် ၎င်းအသုံးပြုသည့် “Khant Thu Zaw” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ (၃)ရပ်ကွက်နေသူများဖြစ်သည့် မျိုးဇာနည် ၃၁ နှစ်နှင့် ဝင်းမေနီ ၃၈ နှစ်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Myo Zarni” Facebook အကောင့်နှင့် “Win May Ni” Facebook အကောင့်တို့သည့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ ရေနံထွက်ပစ္စည်း၊ စားသောက်ကုန်၊ စားသောက်ဆိုင်လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ကားအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ ဌာနဆိုင်ရာအဖွဲ့စုံဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတိုသံစ(အဟောင်း) များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ကား အပိုပစ္စည်းများနှင့် ဟော့ပေါ့ဆိုင်သုံး ပစ္စည်းအမျိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၇၄ ၉၇)၊ Wheel Loader လုပ်ငန်းသုံး ယာဉ်အဟောင်းတစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mits-ubishi Fuso အမျိုးအစား ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၈၇၄၉၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်း တရားမဝင် ရေနံချေး ပီသာ ၇၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင် ဂျုံမှုန့်အိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀ အား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်ခွဲသားများ ဖမ်းမိ**

ထို့အတူ မေ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်၊ ပျဉ်းကတိုးသစ်ခွဲသား၊ ဒွနီသစ်ခွဲသားနှင့် ကညင်သစ်ခွဲသားများ ၃၈ ဒသမ ၁၈၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၉၇၃၁၈)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက ဒိုက်ဦး–စစ်တောင်းကားလမ်း (ဗျူဟာလမ်း) မိုင်တိုင်အမှတ် (၇/၀)၌ TOYOTA အမျိုးအစား Mjar နှင့် RACITS (လိုင်စင်မဲ့) မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၉၇၃၁၈ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၃၈၄၈၁၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ရာသီပိတ်ပွဲစဉ်တွင် ဗီလာအသင်းကို အနိုင်ရရှိပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားဆွတ်ခူး



မန်စီးတီးကစားသမားများ ပရီမီယာလိဂ်ဖလားဆွတ်ခူးအပြီး အောင်ပွဲခံနေကြစဉ်။

၂၀၂၁–၂၀၂၂ ပရီမီယာလိဂ် ရာသီပိတ်ပွဲစဉ်များကို မေ ၂၂ ရက် ညပိုင်း ၉ နာရီခွဲတွင် ပွဲစဉ်အားလုံး တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဖလား ဆွတ်ခူးရန် အရေးပါသည့် ဦးဆောင်သူ မန်စီးတီးအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ပွဲစဉ်၌ မန်စီးတီးအသင်းသည် နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရာမှ ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုး–နှစ်ဂိုးဖြင့် မန်စီးတီးအသင်း အနိုင်ရရှိပြီး အမှတ်ပေးဖလားကို ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ဦးဆောင်သူ မန်စီးတီးအသင်းကို ထက်ကြပ်မကွာ ဖိအားပေးလျက်ရှိသော လီဗာပူးအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် ဝုဖ်အသင်းကို အနိုင်ရရှိခဲ့သော်လည်း ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ စပါးအသင်းသည် နေ့ဝှစ်ချ်အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိခဲ့သောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့သည်။

ဘန်လေ အသင်းသည် တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ကြိုးစားလာခဲ့သော်လည်း နယူးကာဆယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နေ့ဝှစ်ချ်၊ ဝက်ဖို့ဒ်အသင်းတို့နှင့်အတူ တန်းဆင်းခဲ့ရသည်။

ပရီမီယာလိဂ် ရာသီပိတ်ပွဲစဉ်များပြီးဆုံးချိန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲသို့ မန်စီးတီး၊ လီဗာပူး၊ ချယ်ဆီးနှင့် စပါးအသင်းတို့ ဝင်ရောက်ခွင့်ရရှိခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲသို့ အာဆင်နယ်နှင့် မန်ယူအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲသို့ ဝက်စ်ဟမ်းအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းသူစာရင်းတွင် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာနှင့် စပါးတိုက်စစ်မှူး ဆွန်ဟောင်မင်တို့က ၂၃ ဂိုးစီဖြင့် ရပ်တည်နိုင်ခဲ့သည်။

ချန်ပီယံရှစ်ပြိုင်ပွဲမှ ဖူလ်ဟမ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ ပရီမီယာလိဂ်သို့တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး ဟက်ဒါဖီးလ်အသင်းနှင့် နော်တင်ဟမ် ဖောရက်စ်အသင်းတို့ထဲမှ အနိုင်ရရှိမည့် အသင်းသည် ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။

**အောင်ဇော်**

# ပညာရှာရမယ့်အချိန် ပညာရှာဖို့ ကျောင်းသွားကြစို့

**မကြာခင်မှာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းတွေ ဖွင့်ပါတော့မယ်။ တက္ကသိုလ်တန်းတွေကတော့ ဖွင့်နေပါပြီ။ ကျောင်းသားတွေ၊ မိဘတွေအတွက် ဝမ်းသာစရာပါပဲ။ ကျောင်းသားလေးတွေ ကျောင်းတက်နေကြတာကိုမြင်တိုင်း ကြည်နူးမိတာအမှန်ပါ။ ကျောင်းဖွင့်ရာသီဆို မိဘတွေရော၊ ကျောင်းသား ကျောင်းသူတွေရော ပြင်ဆင်ကြရတာ နှစ်စဉ်ပါပဲ။**

မျိုးငြိမ်းငယ်



ကျောင်းဝတ်စုံတွေ၊ ကျောင်းစာအုပ်တွေ၊ စာရေးကိရိယာတွေ ပြင်ဆင်ကြရပါတယ်။ ငွေအား၊ လူအား စိုက်ထုတ်ကြရတယ်။ ဒါပေမယ့် နှစ်တိုင်း စိတ်ရော၊ လူရော ဘယ်လောက်ပင်ပန်းပင်ပန်း ကျောင်းသား ကျောင်းသူလေးတွေ တစ်နှစ်တစ်တန်း အောင်နေရင်၊ ထူးချွန်နေပြီဆိုရင် အမောတွေပြေလို့၊ စိတ်ချမ်းသာလို့။ ကလေးတွေရဲ့ ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေကို တဖြည်းဖြည်း ပုံဖော်ယူကြရတာဆိုတော့ ကြည်နူးစရာပါပဲ။ ပညာရေးဆိုတာက သူတို့လေးတွေရဲ့ အနာဂတ်မဟုတ်လား။

ငယ်ငယ်ကဆို မိဘတွေက သားသမီးတွေကို ပညာတတ် ဖြစ်စေချင်လိုက်တာ။ သူတို့တုန်းက ကျောင်း မတက်ခဲ့ရ၊ ကျောင်းမပြီးခဲ့ရ၊ ပညာတတ်တွေ မဖြစ်ခဲ့ကြဘူးကိုး။ သေစာရှင်စာနဲ့ပဲ ဘဝကို ရုန်းကန်ခဲ့ကြရတာ။ ဒီတော့ သားသမီးတွေ ပညာတတ်ကြီးဖြစ်ဖို့က သူတို့ရဲ့အိပ်မက်၊ သူတို့ရဲ့ အဓိကအလုပ်လို့ ယူဆထားခဲ့ကြတာကို သိခဲ့ရတယ်။ နောက်ပြီး ပညာမတတ်ရင် အတွေးအခေါ်တွေ နောက်ကျမယ်၊ ဗဟုသုတတွေ နည်းမယ်ဆိုတော့ သားသမီးတွေကို သူတို့လို မဖြစ်စေချင်ကြဘူး။ သားသမီးနဲ့မိဘ၊ မျိုးဆက် တစ်ခုနဲ့ တစ်ခုကြား ပညာတွေ ပိုတတ်သွားမှ တိုးတက်လာမှာပေါ့။ ဒီတော့ ကျောင်းတက်ရမယ့်အရွယ်မှာ ကျောင်းထားဖို့က မိဘတွေအတွက် ပထမဦးစားပေးပဲ။ ပညာရှာရမယ့်အချိန် ပညာရှာဖို့က ကိုယ့်အသိုက်အဝန်းတစ်ခုထဲမှာ ရှိတာမှ မဟုတ်တာ။ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးတွေဆိုကလေးတွေပညာရေးကိုဒီထက်အလေးထားသေးတယ်။ နိုင်ငံသားတွေ ပညာတတ်ဖြစ်ဖို့ဆိုတာက သူတို့ရဲ့ ဦးစားပေးမူဝါဒတွေထဲမှာ တစ်ခုအနေနဲ့ တွေ့ရတယ်။ ကိုယ့်နိုင်ငံလို ရုန်းကန်နေရတဲ့နိုင်ငံ၊ တည်ဆောက်ဆဲနိုင်ငံမှာဆို ပညာရေးကို ပိုပြီး လိုအပ်တော့မှာပေါ့။

နောက်ပြီး ပညာဆိုတာက အခြားဥစ္စာတွေလို မဟုတ်ဘူး၊ ကိုယ်နဲ့တစ်ပါတည်း သေတဲ့အထိ ပါသွားမယ့်အရာ။ ဒါကြောင့်လည်း ပညာရွှေအိုး လူမခိုးလို့ ဆိုခဲ့ကြတာ။ ပညာနဲ့တူသော ဥစ္စာ ဘယ်မှာရှိနိုင်မလဲ။ ပညာတွေတတ်သွားလို့ သုံးတတ်ရင် ဘယ်နေရာဖြစ်ဖြစ် အသုံးဝင်တော့ ဘဝတစ်လျှောက်လုံး ပညာက အကျိုးပြုနေမှာပဲ။ ပညာတတ်တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် အကျိုးပြုသလို လူ့အသိုက်အဝန်းကို အကျိုးပြုနိုင်တယ်။ အဲဒီတော့ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ဖို့ဆိုရင် မကောင်းတဲ့သူတွေကို ဖယ်ရှားနဲ့ ကောင်းတဲ့ဝန်းကျင်ဖြစ်လာမယ်လို့ မဆိုနိုင်ဘူး။ မကောင်းတဲ့သူတွေကို ကောင်းလာအောင်၊ ကောင်းတဲ့သူတွေကို ပိုကောင်းလာအောင်၊ တော်တဲ့သူတွေ ပိုတော်လာအောင် တည်ဆောက်ယူမှ ဒီလူ့ပတ်ဝန်းကျင်ကြီးက တိုးတက်ကောင်းမွန်လာမှာဆိုတော့ ပညာသင်ဖို့လိုတာပေါ့။

နောက်ပြီး **ရုပ်ဝတ္ထုပစ္စည်းတွေဆိုတာ ငွေရှိရင် ချက်ချင်းဝယ်လို့ရတယ်၊ တည်ဆောက်ယူလို့ရတယ်။ ပညာဆိုတာက ချက်ချင်းလုပ်ယူလို့ရတဲ့ အရာမဟုတ်ဘူး။ အချိန်ယူတည်ဆောက်ရတယ်၊ အသက်အရွယ်နဲ့ တည်ဆောက်ရတယ်။ စဉ်ဆက်မပြတ် တည်ဆောက်နေကြရတာ။ ဒီတော့ ကျောင်းတက်ရမယ့်အရွယ်မှာ၊ ပညာရှာရမယ့်အရွယ်မှာ ပညာကို ရှာကြမှ သူ့အသက်အရွယ်နဲ့သူ တိုးတက်လာမှာ။ ပညာရှာရမယ့်အရွယ်မှာ ပညာရှာကြမှ သူတို့လေးတွေရဲ့ ဘဝခရီးက ဖြောင့်ဖြူးချောမွေ့နေကြမှာ။**

နောက်ပြီး ပညာတတ်ရင် ရလာတဲ့ စွမ်းရည်တွေက ပြောလို့ကို မကုန်နိုင်ဘူး။ ခြုံပြောရင် အသိပညာတွေ၊ အတတ်ပညာတွေပေါ့။ ဥပမာ အင်ဂျင်နီယာပညာတတ်တစ်ယောက်ဖြစ်လာရင် အင်ဂျင်နီယာဆိုင်ရာ ကျွမ်းကျင်မှုတွေတင် မကဘူး၊ စဉ်းစားတွေးခေါ်နိုင်စွမ်းတွေ၊ တီထွင်ဖန်တီးနိုင်စွမ်းတွေ၊ စူးစမ်းလေ့လာနိုင်စွမ်းတွေပါ ပါလာတယ်။ ဒါတင်မကဘူး ကျောင်းမှာက ပေါင်းသင်းဆက်ဆံရေးတွေ၊ ကျင့်ဝတ်တွေ၊ ဘယ်လိုဆက်ပြီး လေ့လာသင်ကြားရမယ်ဆိုတာတွေအထိ လူ့ဘဝနေထိုင်နည်းတွေပါသင်ပေးလိုက်တာကိုး။ ပညာတတ်တိုင်း ဒီလိုစွမ်းရည်တွေ အကုန်ရတယ်လို့ မဆိုနိုင်ပေမယ့် ပညာမတတ်ရင် အဲဒီအရည်အသွေးတွေရဖို့ကတော့ အတော်ခက်ခဲမှာပါ။ ဒီတော့ ပညာရှာရမယ့်အချိန်မှာ ပညာရှာကြမှ ကျောင်းသား ကျောင်းသူတွေ၊ လူငယ်တွေကို အရည်အသွေးတွေ မြှင့်တင်နိုင်ပါလိမ့်မယ်။

ပညာရေးနဲ့ပတ်သက်လို့ တစ်လောက စာအုပ်တစ်အုပ် ဖတ်မိပါတယ်။ Creating Cultures of Thinking: The 8 Forces We Must Master to Truly Transform Our Schools ဆိုတာပါ။ ရေးတဲ့သူက ဟားဗတ်တက္ကသိုလ် Project Zero ရဲ့ အကြီးတန်း သုတေသနပညာရှင် Ron Ritchhart ပါ။ သူက ကျောင်းသားတွေရဲ့ တွေးခေါ်မှုစွမ်းရည်တိုးတက်ဖို့ ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရာမှာ စာသင်ခန်းယဉ်ကျေးမှုရဲ့ အခန်းကဏ္ဍကို လေ့လာသုတေသနပြု ရေးထားတာပါ။ စာအုပ်က ပြဿနာအခြေပြု လေ့လာတဲ့သူတွေ၊ ဆရာတွေအတွက် အသုံးဝင်ပါတယ်။ အခု စာအုပ်က သူရဲ့ အရင်စာအုပ် Intellectual Character: What It Is, How To Get It Matters, 2002 ကို အခြေခံထားပြီး အဲဒီစာအုပ်က စာမေးပွဲမှာ ရမှတ်တွေထက် ပိုမိုကျယ်ပြန့်နက်နဲတဲ့ ဉာဏ်ရည်ကို ရေးထားတာပါ။

Creating Cultures of Thinking စာအုပ်ကတော့ ကျောင်းတွေရဲ့ အခြေခံရည်ရွယ်ချက်ဟာ ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှု စွမ်းရည်တွေ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှု မြင်သာနိုင်ဖို့နဲ့ ကျောင်းသားတွေရဲ့ လေ့လာသင်ယူမှုကို အထောက်အကူပေးရာမှာ စာသင်ခန်းယဉ်ကျေးမှုရဲ့ အခန်းကဏ္ဍဟာ မရှိမဖြစ်လိုအပ်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ သုတေသနပြုချက်တွေနဲ့ ဖော်ပြထားတာကို တွေ့ရပါတယ်။

ဒါဟာ ပညာရေးရဲ့ အရင်းခံအနှစ်သာရပါပဲ။ ပညာအရည်အသွေးတွေ မြှင့်တင်နိုင်မှ အမှား/အမှန်၊ ကောင်းတာ/ဆိုးတာ၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာဆိုတာတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်စဉ်းစားဆုံးဖြတ်နိုင်မှာ မဟုတ်လား။ ဒီလိုအဆင့်အထိ ဖြစ်လာဖို့ကတော့ လုပ်စရာတွေ အများကြီးပဲ ရှိနေပါလိမ့်ဦးမယ်။ တဖြည်းဖြည်း ပညာရေးကဏ္ဍကို မြှင့်တင်ရင်း အရည်အသွေးရှိတဲ့ ပညာရေးဖြစ်လာမှ အသိပညာရှင်၊ အတတ်ပညာရှင်တွေ မွေးထုတ်နိုင်ပြီး လူသားအရင်းအမြစ်တွေ များလာမှာပါ။ ထူးချွန်ထက်မြက်တဲ့ လူသားအရင်းအမြစ်တွေ များလာမှလည်း နိုင်ငံတည်ဆောက်ရေးတွေ၊ ဒေသအကျိုး၊ လူမှုပတ်ဝန်းကျင်အကျိုးတွေ သယ်ပိုးနိုင်မှာ ဖြစ်ပါတယ်။

အဲဒီလိုမဟုတ်ဘဲ ပညာရှာရမယ့်အချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် ဥစ္စာရှာနေကြရတဲ့ ကလေးသူငယ်တွေ၊ ပညာရေးလမ်းကြောင်းနဲ့ လွဲသွားတဲ့ လူငယ်လေးတွေကို တွေ့ရတိုင်း သားသမီးချင်း ကိုယ်ချင်းစာမိ၊ မိဘချင်း ကိုယ်ချင်းစာမိတယ်။ ဘယ်သူဖြစ်ဖြစ် တိုးတက်ချင်ကြတာပဲ။ ခက်ခဲပင်ပန်းတဲ့အလုပ် လုပ်မလား၊ ပညာနဲ့ရှာတဲ့အလုပ် လုပ်မလားဆိုရင် ပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုချင်ကြတာချည်းပဲ။ ဝေးလံခေါင်းပါးတဲ့ ဒေသက ကလေးတွေဆို ကျောင်းတက်ဖို့ နေ့တိုင်း မိုင်ချီလမ်းလျှောက်ပြီး ကျောင်းတက်နေကြရတာကို တွေ့ရတယ်။ တချို့ဆို ကုန်းတစ်တန် ရေတစ်တန်နဲ့ သွားနေကြရတယ်။ ခက်ခဲပင်ပန်းမှုတွေကြားက ပညာရှာနေကြရတယ်။ မြို့ကြီးတွေမှာလို သူတို့လည်း တက်ချင်တာပေါ့။ မြို့ကြီးတွေမှာလို အခြေအနေမရှိတော့ ရုန်းကန်ပြီး ကျောင်းတက်ပညာရှာနေကြရတာ။ ဒါဟာ ကလေးငယ်တွေတိုင်း၊ လူငယ်လေးတွေတိုင်းအတွက်ပညာရေးဟာဘယ်လောက်အရေးကြီးသလဲဆိုတာကို ပြနေတာပါ။

**နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရဖို့ လူတိုင်းအတွက် ပညာရေးစနစ် အကောင်အထည်ဖော်နေတာ တွေ့ရပါတယ်။ ကျောင်းနေနိုင်တဲ့ သူရော၊ ကျောင်းမနေနိုင်တဲ့ သူတွေရော ပညာသင်ကြားဖို့ အခွင့်အလမ်းရဖို့ပါ။ ပညာသင်ယူခွင့်ဆိုတာက လူတစ်ဦးရဲ့ အခြေခံရပိုင်ခွင့်တွေထဲက တစ်ခုလည်း ဖြစ်ပါတယ်။ ဒီအခွင့်အရေးရဖို့အတွက် ကျောင်းတွေကို အခုပြန်ဖွင့်နေပါပြီ။ စာသင်နှစ် တစ်နှစ်ရဲ့အစ ကျောင်းဖွင့်ရာသီဆိုတာက ပညာတံခါးကြီးဖွင့်တာပဲ မဟုတ်လား။ ထောင်တံခါးတွေ ပိတ်ဖို့ဆိုရင် ကျောင်းတံခါးတွေ ဖွင့်ဖို့လိုတယ်ဆိုတာလိုပဲ။ အဲဒါနဲ့ ဆန့်ကျင်ဘက်အနေနဲ့က ကျောင်းတံခါးတွေ ပိတ်ကုန်ရင် ထောင်တံခါးတွေ ပွင့်လာမှာပဲပေါ့။**

ဆိုလိုတာက ကောင်းမွန်တဲ့၊ တိုးတက်တဲ့ လူမှုပတ်ဝန်းကျင်တစ်ခု တည်ဆောက်ဖို့ ကျောင်းတွေ၊ ပညာရှာလို့ရတဲ့ ရပ်ဝန်းတွေ၊ အခြေအနေတွေ ဖန်တီးပေးရမှာပါ။ ကျောင်းတွေ ကြာရှည်ပိတ်ထားရတာနဲ့ ပညာရှာလို့ရတဲ့ နယ်ပယ်ဘောင်ကျဉ်းလာတာနဲ့အမျှ အဲဒီလူမှုပတ်ဝန်းကျင်ရဲ့ စဉ်းစားတွေးခေါ်မှု၊ စရိုက်၊ ကျင့်ဝတ်စတဲ့ အခြေခံတွေ အားနည်းလာမှာဖြစ်ပြီး လူငယ်တွေရဲ့ ရည်မှန်းချက်တွေ၊ အနာဂတ်တွေလည်း ပျောက်သွားနိုင်ပါတယ်။

နောက်ပြီး ပညာသင်ယူကြတယ်ဆိုတာက တစ်ဦးတစ်ယောက်တည်း ပညာတတ်သွားတာလို့ ပြောလို့မရပါဘူး။ ကောင်းမွန်တဲ့ လူ့ပတ်ဝန်းကျင်ကို ဖန်တီးနေတာ၊ တည်ဆောက်နေတာလည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ကျောင်းတွေပိတ်ထားရလို့၊ ကျောင်းတွေမတက်ရလို့ အရပ်ထဲမှာ ကျောင်းသားတွေ ညည်းညူနေကြတာကို မြင်ရကြားရတိုင်း စိတ်မချမ်းသာပါဘူး။ ကျောင်းတွေပိတ်ထားတော့ သူတို့လေးတွေ ယောင်ချာချာဖြစ်နေတာတွေလည်း တွေ့ရပါတယ်။ အချို့လည်း အွန်လိုင်းကသင်တန်းတွေ တက်နေကြ၊ ဘာသာစကားသင်တန်းတွေ တက်နေကြပေါ့။ အချို့လည်း မတက်နိုင်တဲ့သူတွေလည်း မတက်ကြဘူးပေါ့။ အဲဒီလိုအခြေအနေကနေ အခုလို ကျောင်းတွေ ဖွင့်နေပြီဆိုတော့ ဝမ်းသာစရာပဲဖြစ်ပါတယ်။

*စာမျက်နှာ ၂၅ သို့*

❑ **ရုပ်ဝတ္ထုပစ္စည်းတွေဆိုတာ ငွေရှိရင် ချက်ချင်းဝယ်လို့ ရတယ်၊ တည်ဆောက်ယူလို့ရတယ်။ ပညာဆိုတာက ချက်ချင်းလုပ်ယူလို့ရတဲ့ အရာမဟုတ်ဘူး။ အချိန်ယူတည်ဆောက်ရတယ်၊ အသက်အရွယ်နဲ့ တည်ဆောက်ရတယ်။ စဉ်ဆက်မပြတ် တည်ဆောက်နေကြရတာ။ ဒီတော့ ကျောင်းတက်ရမယ့်အရွယ်မှာ၊ ပညာရှာရမယ့် အရွယ်မှာ ပညာကို ရှာကြမှ သူ့အသက်အရွယ်နဲ့သူ တိုးတက်လာမှာ။ ဒီတော့ ပညာရှာရမယ့်အရွယ်မှာ ပညာရှာကြမှ သူတို့လေးတွေရဲ့ ဘဝခရီးက ဖြောင့်ဖြူး ချောမွေ့နေကြမှာ**

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝ သောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*စာမျက်နှာ ၂၄ မှ*

ကိုဗစ်ရောဂါကြောင့် ကျောင်းပိတ်ထားရတာ ကိုယ့်နိုင်ငံ တစ်နိုင်ငံတည်းတော့ မဟုတ်ပါဘူး။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အခြေအနေကတော့ မတူဘူးပေါ့။ ချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေ၊ နည်းပညာတိုးတက်တဲ့နိုင်ငံတွေက ကလေးတွေကတော့ ပညာသင်ယူခွင့် အခွင့်အလမ်းပိုများပါတယ်။ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းကို နည်းလမ်းမျိုးစုံနဲ့ ဖွင့်ပေးနိုင်တာကိုး။ ကိုဗစ်ရောဂါကြောင့် ကလေးတွေရဲ့ လူကိုယ်တိုင် ပညာသင်ယူခွင့်ဆုံးရှုံးသွားတာတွေ၊ ရင်ဆိုင်နေရဆဲ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ နိုင်ငံတွေက သူ့အတိုင်းအတာနဲ့သူ ကြိုးပမ်းနေကြတာတွေ့ရပါတယ်။

ကိုဗစ်-၁၉ နဲ့ အခြားသော စိန်ခေါ်မှုတွေကြောင့် ကလေးမျိုးဆက်တစ်ခုလုံးရဲ့ ပညာရေးကို ပျက်စီးစေခဲ့ပြီး ဒီကနေ့အထိလည်း ရင်ဆိုင်နေရဆဲပါ။ ဒီအကျိုးဆက်ဟာ လတ်တလော အခြေအနေအတွက် သာမကပါဘူး။ ဆင်းရဲမွဲတေမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေလို ရေရှည်အကျိုးဆက်တွေကိုလည်း ဖြစ်ပေါ်စေပါတယ်။ ယူနီဆက်ဖ်ရဲ့ Prospects for children in 2022: a global outlook အရဆို လာမယ့်နှစ်မှာ ကလေးတွေရဲ့ ပညာရေးအခြေအနေ ဟာ မရေရာမသေချာမှုတွေ ရှိနေဦးမယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် အခုဆို ကိုဗစ်-၁၉ ဖြစ်တာ တတိယနှစ်ထဲ ဝင်လာပါပြီ။ ကလေးတွေ အနာဂတ်မြှင့်တင်ဖို့ ဘာတွေ လုပ်ပေးနိုင်သလဲဆိုတဲ့ မေးခွန်းလည်း ထုတ်ထားပါတယ်။

အခု မေလ ၂၂ ရက်နေ့ကနေ ၂၅ ရက်နေ့အထိ ကမ္ဘာ့ပညာရေးဖိုရမ် ကျင်းပမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ကမ္ဘာ့ပညာရေးဖိုရမ်ရဲ့ ဆောင်ပုဒ်ကတော့ Education: building forward; stronger, bolder, better ဖြစ်ပါတယ်။ ပညာရေးကို ပိုမို စွမ်းရည်ပြည့်ဝအားကောင်းလာပြီး အနာဂတ် ခရီးဆက်နိုင်ဖို့ ရည်မှန်းထားတာ တွေ့ရပါတယ်။ ဒီနေ့ကမ္ဘာကြီးမှာ ပဋိပက္ခတွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေ၊ စီးပွားရေးဆိုင်ရာတွေ စတဲ့ စိန်ခေါ်မှုတွေ များပြားလာတဲ့အချိန်မှာ ပညာရေးက တစ်ဆင့် ငြိမ်းချမ်းရေး၊ မိတ်ဖက်ဆက်ဆံရေးနဲ့ ကြွယ်ဝချမ်းသာရေးတွေကို ဘယ်လို ကူညီပေးနိုင်မလဲဆိုတာကို လေ့လာမယ်လို့ ဆိုထားပါတယ်။ ဒီတော့ ပညာရေးကို ဘယ်လိုပြောင်းလဲကြမလဲ၊ ဘယ်လို အားပေးမြှင့်တင်ကြမလဲ ဆိုတာတွေလည်း ပါဝင်ပါတယ်။ ပညာရေးဟာ လူတစ်ဦး၊ နိုင်ငံတစ်နိုင်ငံအတွက်သာမကဘဲ ကမ္ဘာ့အပြောင်းအလဲနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတာကို တွေ့ရမှာပါ။

ကမ္ဘာနဲ့အဝန်း ကလေးငယ်တွေ ပညာရေးအတွက် လုံးပန်းနေကြချိန်မှာ အခုလို ကျောင်းတွေ ပြန်ဖွင့်တာဟာ ကလေးတွေအတွက် ပညာသင်ယူခွင့် အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။ ဒါမှလည်း ကလေးငယ်တွေရဲ့ အနာဂတ်တွေကို ပြောင်းလဲပေးနိုင်ပါလိမ့်မယ်။ "မာလာလာ" ပြောခဲ့တဲ့ စကားလိုပါပဲ။ စာအုပ်တစ်အုပ်၊ ဘောပင်တစ်ချောင်း၊ ကလေးတစ်ယောက်နဲ့ ဆရာတစ်ယောက်ဟာ ကမ္ဘာကြီးကို ပြောင်းလဲပေးနိုင်တာကို သတိရကြပါစို့ ဆိုတာပါ။ ကျောင်းမတက်ဘဲနဲ့ ကလေးငယ်တွေရဲ့ဘဝတွေ၊ အနာဂတ်တွေနဲ့ ကမ္ဘာကြီးကို ဘယ်လိုများ ပြောင်းလဲကြမလဲ။

ဒီတော့ အနာဂတ် မျိုးဆက်သစ်လေးတွေရဲ့ ပညာရေးတိုးတက်မြင့်မားဖို့၊ ကျောင်းနေရမယ့်အရွယ်၊ ကျောင်းတက်ရမယ့်အချိန်မှာ ကျောင်းတက်နိုင်ဖို့၊ ကျောင်းသွားကြဖို့ ပစ္စုပ္ပန်မျိုးဆက်တွေက ဝိုင်းဝန်းစောင့်ရှောက် ပံ့ပိုးကြရမှာပါ။ ဒါဟာ ပညာမျိုးဆက်လက်ဆင့်ကမ်းခြင်းပဲ မဟုတ်လား။ ။

❖ **နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရဖို့ လူတိုင်းအတွက် ပညာရေးစနစ် အကောင်အထည်ဖော်နေတာ တွေ့ရပါတယ်။ ကျောင်းနေနိုင်တဲ့သူရော၊ ကျောင်းမနေနိုင်တဲ့သူတွေရော ပညာသင်ကြားဖို့ အခွင့်အလမ်းရဖို့ပါ။ ပညာသင်ယူခွင့်ဆိုတာက လူတစ်ဦးရဲ့ အခြေခံရပိုင်ခွင့်တွေထဲကတစ်ခုလည်း ဖြစ်ပါတယ်။ ဒီအခွင့်အရေးရဖို့အတွက် ကျောင်းတွေကိုအခု ပြန်ဖွင့်နေပါပြီ။ စာသင်နှစ်တစ်နှစ်ရဲ့အစ ကျောင်းဖွင့်ရာသီဆိုတာက ပညာတံခါးကြီးဖွင့်တာပဲ မဟုတ်လား။ ထောင်တံခါးတွေပိတ်ဖို့ဆိုရင် ကျောင်းတံခါးတွေ ဖွင့်ဖို့လိုတယ်ဆိုတာလိုပဲ။ အဲဒါနဲ့ဆန့်ကျင်ဘက်အနေနဲ့က ကျောင်းတံခါးတွေပိတ်ကုန်ရင် ထောင်တံခါးတွေ ပွင့်လာမှာပဲပေါ့**


## သံတွဲမြို့နယ်၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံချက် မိတ်ဆက်ရှင်းလင်း

**သံတွဲ မေ ၂၂**

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြို့နယ်အတွင်း ခေတ်မီစံပြကျေးရွာများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ခေတ်မီစံပြကျေးရွာ(Smart Village) ထူထောင်ရေးစီမံချက် မိတ်ဆက်ရှင်းလင်းပွဲကို မေ ၂၁ ရက်က သံတွဲမြို့နယ် ရွှေလေ့ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ခေတ်မီစံပြကျေးရွာ စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင့်ဝေက ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်းဆောင်ရွက်မည့် အဓိကလုပ်ငန်းစဉ် ခြောက်ရပ်နှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာမှ တင်ပြချက်များကို ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနအလိုက် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ကိုထွန်း**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၅၄၀ |
| 95 Ron | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၈၀ | ၂၃၅၅ | ၂၄၅၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၂၆၀၅ |
| SD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၆၀ | ၂၁၉၅ | ၂၂၁၅ | ၂၂၁၅ | ၂၁၈၀ | ၂၂၉၅ | ၂၂၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၂၆၉၀ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၈ | ၂၁၈၃ |
| 95 Ron | ၂၂၁၇ | ၂၂၉၅ |
| HSD (500 ppm) | ၂၀၄၇ | ၂၁၁၈ |
| HSD (50 ppm) | ၂၀၇၅ | ၂၁၄၆ |
| HSD (10 ppm) | ၂၀၇၅ | ၂၁၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## စားအုန်းဆီ လက်ကားရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ကြေညာ ဈေးကစားပါက အရေးယူမည်

**နေပြည်တော် မေ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီ ပြည်ပတင်ပို့ခွင့် ပြန်လည်ခွင့်ပြုလိုက်ပြီး ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်းများ ယခင်အပတ်ထက် ကျဆင်းလာခဲ့ပါသည်။ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများ အပေါ် အခြေခံ၍ တွက်ချက်မှုအရ မေ ၂၃ ရက်မှ မေ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၅၀၀ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ဆေးကုသမှုခံယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



အကြမ်းဖက်သမားများ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ခရီးသည်ယာဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခုက Disposable Face Mask ၃၉ ဒသမ ၄ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ သတင်းစဉ်

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ တက္ကသိုလ်များလှိုင်နယ်မြေဝန်း၌တည်ရှိသော ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ပိုင် အသုံးမလိုပိုလျှံနေသော Sound Proof Generator များအား ရောင်းချရန်ရှိပါသဖြင့် အောက်ဖော်ပြပါ Lot များအလိုက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် –

| Lot | Brand | Unit Model | Rated Power | Engine | Alternator | Country of Origin | Qty | ပစ္စည်းတည်နေရာ |
|---|---|---|---|---|---|---|---|---|
| Lot-1 | ABC | TP 10 | 10 kVA | PERKINS 403D-11G (UK) | STAMFORD PT044-E1 (UK) | Singapore | 11 | ရန်ကုန် |
| Lot-2 | ABC | P1OE/B | 10 kVA | PERKINS 403D-11G (UK) | STAMFORD PT044-E1 (UK) | Singapore | 10 | ရန်ကုန် |
| Lot-3 | Energy | DPBS 25 ELS | 16 kVA | GESAN (Spain) | Leroy Somer LSA 40M5 J 6/4 (France) | | 2 | ရန်ကုန် |
| Lot-4 | Power Max | PM 10 KS | 10 kVA | KUBOTA D1105-BG (Japan) | STAMFORD PT044-E1 (UK) | Singapore | 4 | ပြင်ဦးလွင် |
| | ABC | P1OE/B | 10 kVA | PERKINS 403D-11G (UK) | STAMFORD PT044-E1 (UK) | Singapore | 1 | |

၂။ **အဆိုပြုလွှာပုံစံထုတ်ယူရမည့်နေရာ**– ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ အမှတ် (၂၅)၊ တက္ကသိုလ်များလှိုင်နယ်မြေဝန်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ **အဆိုပြုလွှာပုံစံထုတ်ယူရမည့်နေ့ရက်နှင့်အချိန်**– (၂၆.၅.၂၀၂၂) ရက်နေ့မှ (၉.၆.၂၀၂၂) ရက်နေ့အထိ၊ တနင်္လာမှ သောကြာ နေ့စဉ် ရုံးဖွင့်ရက်များတွင် နံနက် (၁၀) နာရီမှ နေ့လယ် (၂) နာရီအတွင်း။

၄။ **ပစ္စည်းများကြည့်ရှုနိုင်မည့်နေ့ရက်၊အချိန်နှင့်နေရာ**–(၂၆.၅.၂၀၂၂) ရက်နေ့မှ (၈.၆.၂၀၂၂) ရက်နေ့အတွင်း နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် (၁၀) နာရီမှ ညနေ (၃) နာရီအတွင်း၊ ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရန်ကုန်) နှင့် ရတနာပုံတယ်လီပို့ (ပြင်ဦးလွင်ရုံးခွဲ)၊ ရတနာပုံဆိုင်ဘာစီးတီး၊ မန္တလေး-ပြင်ဦးလွင်ကားလမ်း (၂၆/၇) မိုင်တိုင်၊ ပြင်စာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၅။ ဖြည့်စွက်ပြီး တင်ဒါအဆိုပြုလွှာပုံစံများကို (၉.၆.၂၀၂၂) ရက်နေ့ (၁၄:၃၀) နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာပုံစံထုတ်ယူခဲ့သည့်ရုံး၌ ပြန်လည်တင်သွင်းရပါမည်။

၆။ ထပ်မံသိရှိလိုသောအချက်အလက်များရှိပါက (၉.၆.၂၀၂၂) ရက်နေ့မတိုင်မီ ရုံးချိန်အတွင်း ကုမ္ပဏီရုံး၊ ဖုန်း ၀၉-၂၅၀၄၄၃၀၉၀ ၊ ၀၉- ၄၂၀၀၁၅၂၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၂)၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းစီမံကိန်း(ဇုန်-၃)၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ် (ပ/ ၇)၊ အကျယ်အဝန်း (၃၈၅ ပေ/၁၄၃ ပေ × ၂၀၀ ပေ/၃၁၅ ပေ) (၅၁၅၄၀-စတုရန်းပေ)ရှိ ဦးထွန်းအောင် (၁၂/အစန(နိုင်) ၀၂၀၆၅၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးထွန်းအောင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

"**မိတ်ဆွေ**"ပြဿနာနှင့်ငွေဆုံးရှုံးခြင်း မဖြစ်စေရန်တိုက်၊ ခြံ၊ ကား (အဝယ်)၊ ကုန်အမှတ်တံဆိပ်၊ တရားစွဲခြင်း၊ ရင်ဆိုင်ခြင်းများမလုပ်မီအကူအညီရယူပါ။ "စေတနာ"စာချုပ်စာတမ်း၊ ကုန်အမှတ်တံဆိပ်အကျိုးဆောင်၊ ပြည်လမ်းနှင့်အင်းယားကန်အနီး ၂ထပ်(BN)အိမ် ကြိုးဖုန်းပါခြံကိုရောင်းမည်(သို့)၄င်းခြံအား 2RC လုံးချင်းဖြင့်အလဲအထပ်လုပ်လို၍ပိုင်ရှင်များ သာဆက်သွယ်ပါ။

(ဖုန်း-၀၉-၄၂၂၂၈၈၈၄၆၊ ၀၉-၇၉၂၂၄၇၅၂၁)

စာအုပ်စာပေ

လူ့မိတ်မိတ်ဆွေ


## ဂရန်ပျောက်ဆုံးကြောင်း ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ (၃၃)လမ်း၊ အိမ်အမှတ်(၃၂၉)နေ ဦးဝီကျန်၏သမီး ဒေါ်ခင်ခင်ဖြူ ၇/ပခန(နိုင်) ၁၇၉၁၃၃မှ ကြေညာအပ်ပါသည်။ ကျွန်မ၏ မြေကွက်ဖြစ်သော ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ မြေတိုင်းရပ်ကွက် (၂၅)၊ မြေကွက်အမှတ်(၁၃၂၊ ၁၃၃)ဂရန်မြေကွက်မှာ ပဲခူးခရိုင်၊ မြေအမှုအမှတ် ၆၉/ငါး/၂၀၀၆-၂၀၀၇ အရ (၁၁-၈-၂၀၀၆)မှ(၁၀-၈-၂၀၃၆)အထိ ထုတ်ပေးထားသော ဂရန်မူရင်းစာရွက်စာတမ်းများ ဖြစ်ပါသည်။ အဆိုပါဂရန်မူရင်းမှာ အိမ်ပြောင်းရွှေ့ရာတွင် ဂရန်မူရင်းနှင့် စာရွက်စာတမ်းအချို့ထည့်ထားသော အိတ်မှာ ရှာဖွေမတွေ့ရှိတော့ဘဲ ပျောက်ဆုံးသွားခဲ့ပါသည်။ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းတိုင်တန်းခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ထံ အသိပေးတိုင်ကြားခြင်းများဆောင်ရွက်ထားပြီးဖြစ်ပါသည်။ တွေ့ရှိသူများဖော်ပြပါ လိပ်စာပိုင်ရှင်ထံသို့ ကြော်ငြာသည့် တစ်လအတွင်းပို့ပါက ကျေးဇူးဆပ်ပါမည်။ မသက်ဆိုင်ဘဲထိန်းသိမ်းရယူထားခြင်း၊ အခြားနည်းဆောင်ရွက် ခြင်းများ ပြုလုပ်ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ဖြူ(မြေဂရန်မူရင်းပိုင်ရှင်)

## 42nd Queen Sirikit Cup ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့ ထွက်ခွာ

**နေပြည်တော် မေ ၂၂**

၂၀၂၂ ခုနှစ် မေ ၂၃ ရက်မှ ၂၇ ရက်အထိ စင်ကာပူနိုင်ငံ Laguna National Golf Resort Club ၌ ကျင်းပမည့် 42nd Queen Sirikit Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့သည် မေ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်အောင် (မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်)၊ အားကစားသမားများအဖြစ် ဖူးပွင့်ရတီခိုင်၊ မိုးပြည့်စုံခင်နှင့် ဇေယျာဝေဖူးတို့ ပါဝင်ကြသည်။ ယင်းပြိုင်ပွဲတွင် သြစတြေးလျ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ **ကိုညီလေး၊ ဓာတ်ပုံ-MGF**



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ကွင်းအမှတ်(၄၈၄)၊ ဦးပိုင်အမှတ်မြေကွက်အမှတ်(၇၇/၈၄)၊ကောင်းမှုတုံအုပ်စု၊ကောင်းမှုလွယ်ရပ်ကွက်နေ ဒေါ်ဖူးမိန် (ဘ)ဦးတုံဆင်ဝပ် ၁၃/ကခန(နိုင်) ၀၁၃၁၂၀၏သားကြီးဖြစ်သူ မောင်လှစိန် (ဘ)ဦးမာခေါန်(ခ)ကောင်းခွန်း ၁၃/ကခန(နိုင်)၀၈၆၇၄၇ တရုတ်၊ မုံးဝန်း ခုံလုံလီရွာ၊ ဗမာ -ဗုဒ္ဓဘာသာသည် မိခင်၊ ညီအစ်ကို မောင်နှမများနှင့် ဆွေမျိုးအသိုင်းအဝိုင်း၏ ဆိုဆုံးမမှုကို လိုက်နာမှုရှိဘဲ မိဘ၊ မောင်နှမများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးဒုက္ခပေးပြီး ၄င်း၏သဘောဆန္ဒအလျောက်နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား မိသားစုနှင့်လုံးဝ မသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မိခင်ဒေါ်ဖူးမိန်နှင့် လုံးဝမသက်ဆိုင်ကြောင်းနှင့်သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူဇာမြင့်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၉၆)(၃-၁-၂၀၁၇)
ဟိုမွန်ရပ်ကွက်၊ မူဆယ်ရဲစခန်းဝင်း၊ မူဆယ်မြို့၊ ဖုန်း-၀၉-၄၁၀၀၁၂၄၀

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝန်ထမ်းအလိုရှိသည်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် အောက်ဖော်ပြပါ ရာထူးများအား မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်း လာရောက်လျှောက်ထားနိုင်သည်–

(၁) ဒုစာရင်းကိုင် (ကျား/မ) ၁ဦး

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူသည် B.Com(or) LCCI လက်မှတ်တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။စာရင်းအင်းပညာနှင့်ပတ်သက်၍ Certificate ရှိရမည်။ စာရင်းအင်းပညာနှင့်ပတ်သက်၍ လုပ်သက် (၃)နှစ် အထက်ရှိသူဖြစ်ရမည်။ Microsoft Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ လျှောက်ထားသူသည် အသက်(၃၅)နှစ်မှ (၅၅)နှစ်အတွင်းဖြစ်ရပါမည်။

(၂) လ/ထ စာရင်းကိုင် (ကျား/မ) ၁ဦး

အမှတ်စဉ်(၂)အတွက် လျှောက်ထားသူသည် စာရင်းအင်းပညာနှင့်ပတ်သက်၍ Certificate ရှိရမည်။ စာရင်းအင်းပညာနှင့်ပတ်သက်၍ လုပ်သက် (၂) နှစ်အထက်ရှိသူဖြစ်ရမည်။ Microsoft Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ လျှောက်ထားသူသည် အသက်(၂၂) နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရပါမည်။

အထက်ပါအရည်အချင်းကိုက်ညီသူများသာ–

–ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (ရပ်ကွက်ထောက်ခံစာ)၊ (၁)လအတွင်း ရဲစခန်းထောက်ခံချက်၊ (၁)လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ပညာအရည်အချင်း ထောက်ခံချက် မူရင်း၊ မိတ္တူများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဂေါပကအဖွဲ့၊ ဗိုလ်တထောင်စေတီတော်ဟု လိပ်မူ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ဖုန်း-၀၉-၂၅၅၇၇၉၇၇၁၊ ၀၉-၆၆၆၀၇၄၁၁၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**

**မြဝတီမြို့နယ်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၄၄**

ဒေါ်သင်းသင်းမြတ် **နှင့်** ဒေါ်ခင်ခင်
**တရားလို** **တရားပြိုင်**

မြဝတီမြို့၊ (၄)ရပ်ကွက်၊ သစ္စာလမ်းရှိ(ယခုနေရပ်လိပ်စာမသိ)တရားပြိုင် ဒေါ်ခင်ခင် သိစေရမည်။

သင့်အပေါ်တွင် တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြို့သစ်အပိုင်း(က)၊ မြေကွက် အမှတ်(က/၇၇)၊ မြေရေိယာ ၀ဒသမ ၀၇၀ ဧက အကျယ်အဝန်းရှိ မြေကွက်ကို မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၂ ရက် (၁၃၈၄ ခုနှစ် နယုန်လဆန်း ၄ရက်) (ကြာသပတေးနေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါတရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ကရင်ပြည်နယ် မြဝတီခရိုင်တရား ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ သင်သည် အထက်ကဆိုခဲ့သည့်ရက်တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဇော်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

နောင်ချိုမြို့၊ ကံကြီးကျေးရွာနေ ဒေါ်မိုစီအောင် ၁၃/နခတ(နိုင်)၀၇၉၈၉၆ က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာမြောက်၊ အကွက်အမှတ်(၆၇၅)၊ ဦး ပိုင်အမှတ်(၅၄/၄)ဟုခေါ်တွင်သော အလျား ၁၁၂ပေx အနံ ၇၆ပေ အကျယ်အဝန်းရှိ မြေကို မူလပိုင်ရှင် ဦးအေးလွင်-ဒေါ်အေးအေးတို့ထံမှ ဒေါ်လှလှဝင်း ၉/မရမ(နိုင်) ၀၂၅၁၉၂ က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အိမ်ဆောက်လုပ်နေထိုင်ခဲ့ပါသည်။ ယခုအခါ အထက်အဆိုပါ မြေနှင့်အိမ်ကို ဒေါ်မိုစီအောင် ၁၃/နခတ(နိုင်) ၀၇၉၈၉၆က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၂၁-၅-၂၀၂၂)ရက်က ဒေါ်လှလှဝင်းထံသို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်အဆိုပါ မြေနှင့်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဒေါ်မိုစီအောင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ကျန်ငွေပေးချေဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုစီအောင် ၁၃/နခတ(နိုင်) ၀၇၉၈၉၆**
**ကံကြီးကျေးရွာ၊ နောင်ချိုမြို့**

**ဖခင် အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အထက(၃) သတ္တမတန်း(အောင်) ကျောင်းဝင်အမှတ် (က-၅၂၂၄) မှ မထက်အိရွှေရည်၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းအောင် ဖြစ်ပါကြောင်း။

**ဦးဇင်မင်းအောင်**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုတ်သိမ်းကြောင်းကြေငြာခြင်း

ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၁၆-၈-၂၀၁၉)ရက်စွဲဖြင့် ကျွန်တော် ဦးဇော်လင်းသိန်း (ဘ-ဦးကြည်သိန်း)မှ ဦးအောင်သူရ (ဘ-ဦးဝဏ္ဏအောင်ကြည်) (၁၂/ဥကမ (နိုင်) ၀၀၂၆၄၇)သို့ လွှဲပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၆၄၃/ ၂၀၁၉)အား (၂၃-၅-၂၀၂၂) ရက်နေ့မှစ၍ အပြီးအပိုင်ရုတ်သိမ်းပါကြောင်း အသိပေးကြေငြာလိုက်ပါသည်။

ဦးဇော်လင်းသိန်း (ဘ-ဦးကြည်သိန်း)
(၉/ပမန (နိုင်) ၁၇၀၁၁၀)

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄ တောင်ရပ်ကွက်၊ အောင်သစ္စာ(၃)လမ်း၊ အမှတ်(၈၄၇)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရကျော် ၁၂/ဒပန(နိုင်)၀၀၇၉၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ယာဉ်အမှတ် 5F/4547 TOYOTA ALPHARD အမျိုးအစား အဖြူရောင်မော်တော်ယာဉ်သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဦးသူရကျော် အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ 5F/4547မော်တော်ယာဉ်အားအမည်ပေါက်ပိုင်ဆိုင်သူ ဦးသူရကျော်ထံမှ ဦး အောင်သန်းထွန်းက အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ မော်တော်ကားငှားရမ်းခြင်းကတိစာချုပ်ချုပ်ဆို ငှားရမ်းသွားခဲ့ပြီးနောက် လစဉ်ပေးအပ်ရမည့်ကားငှားရမ်းခများ လာရောက်ပေးအပ်ခဲ့ခြင်းမရှိသည့်အတွက် ဦးသူရကျော်မှ ငှားရမ်းခြင်းကိုရပ်စဲ၍ မော် တော်ယာဉ်အား ပြန်လည်သိမ်းဆည်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးသူရကျော် အနေဖြင့် အဆိုပါမော်တော်ယာဉ်အား ရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ လဲလှယ်ထားခြင်း၊ ပေးကမ်းထားခြင်းစသော အခြားနည်းလွှဲပြောင်းထားခြင်းတို့မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ရဲမြင့်(LL.B,D.B.L,D.I.L,D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၅၃)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ မ.ဝ.တလမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၄၉၆၁၅၊ ၀၉-၇၉၅၉၇၄၉၁၁**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၃၅ ဆူ | ၄၈၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အဲလစ်ဇဘက် ၂/လကန(နိုင်)၁၂၃၄၇၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၄၆၄၈၈၄

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 51W/59712, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးခိုင် ၁၄/ဇလန(နိုင်)၁၃၇၀၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသာ်တ)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး)မှ လုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၇)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ တိုးချဲ့ဆောင်-၂ Lab-2အဆောက်အအုံ ၊ နေပြည်တော်တွင် ၂၃-၅-၂၀၂၂ရက်မှ ၆-၆-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇-၆-၂၀၂၂ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင်ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀၊ ၃၄၀၄၆၅၅ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန(ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dast.edu.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | လုပ်ငန်းတည်နေရာ |
|---|---|---|
| ၁။ | တိုင်းဒေသကြီးရုံးခြံစည်းရိုးကာရံခြင်း | မကွေးမြို့ |
| ၂။ | သရက်မြို့နယ်ရုံးတွင် စက်ရေတွင်းသစ်တစ်တွင်းတူးဖော်ခြင်း | သရက်မြို့ |
| ၃။ | တောင်တွင်းကြီးငါးလုပ်ငန်းစခန်းအဆင့်မြှင့်တင်ခြင်း | တောင်တွင်းကြီးမြို့ |
| ၄။ | ပွင့်ဖြူငါးလုပ်ငန်းစခန်းအဆင့်မြှင့်တင်ခြင်း | ပွင့်ဖြူမြို့ |
| ၅။ | မြို့သစ်ငါးလုပ်ငန်းစခန်းအဆင့်မြှင့်တင်ခြင်း | မြို့သစ်မြို့ |

၂။ အမှတ်စဉ်(၁)နှင့်(၂)အတွက် အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို တစ်စောင်လျှင်(၂၀၀၀/-) (ကျပ်နှစ်ထောင်တိတိ)ဖြင့်လည်းကောင်း၊ အမှတ်စဉ်(၃)(၄)(၅) အတွက် အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)ဖြင့်လည်းကောင်း ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၈-၆-၂၀၂၂ရက်၊ ၁၆:၃၀နာရီတွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ထားသည့်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့်အိတ်ဖွင့်တင်ဒါပြန်လည်တင်သွင်းရမည့်လိပ်စာမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**အမှတ်-၉၄၂၊ ၁၆လမ်းအောင်မေတ္တာ(က)ရပ်ကွက်၊ မကွေးမြို့**

**အသေးစိတ်သိရှိလိုပါကဖုန်း-၀၉-၂၅၀၆၀၀၆၄၆၊ ၀၉-၂၆၁၈၁၀၆၁၉**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၄၇/မမ/ဌာနခွဲအသီးသီး | ရုံးသုံးစက်ကိရိယာပစ္စည်း(၁၅)မျိုး ဝယ်ယူရန် |
| ၂ | ၄၈/မမ/ဌာနခွဲအသီးသီး | ရုံးသုံးပရိဘောဂပစ္စည်း(၂)မျိုးဝယ်ယူရန် |
| ၃ | ၄၉/မမ/CME (MIT) | လေအိတ်တွဲ(၁၀)တွဲ အသစ်တည်ဆောက်ရန်ပစ္စည်း(၅၄၀)မျိုးဝယ်ယူရန် |
| ၄ | ၅၀/မမ/CME (MIT) | CNC Gantry Milling Machine (1)Set ဝယ်ယူရန် |
| ၅ | ၅၁/မမ/CE | ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ ပြွန်တန်ဆာဘူတာ အဆင့်မြှင့်မှမ်းမံခြင်းလုပ်ငန်း (172'-4"-40'-0")(Brick Nogging)နှင့်ဆက်စပ်လုပ်ငန်းများ(လုပ်ငန်းဆက်) |
| ၆ | 12(T)2/MR (ISN) | Spare Parts for CAT & Alco Engine (၅၉)မျိုး ဝယ်ယူရန် |
| ၇ | 12(T)3/MR (ISN) | Spare Parts Requirement for Traction Motor, DPMS & DAS/E (၅၇)မျိုး ဝယ်ယူရန် |
| ၈ | 12(T)4/MR (ISN) | Spare Parts Requirement for DAS/M, Radiator, Auxiliary, Bogie & Boiler (၈၄)မျိုး ဝယ်ယူရန် |
| ၉ | 12(T)5/MR (ISN) | စက်ပစ္စည်း (၂၁)မျိုး ဝယ်ယူရန် |
| ၁၀ | 12(T)6/MR (MIT) | တွဲဝင်ရိုး (၃)မျိုး ဝယ်ယူရန် |
| ၁၁ | 12(T)7/MR (YUG) | စက်ပစ္စည်း (၁၆)မျိုး ဝယ်ယူရန် |
| ၁၂ | 12(T)8/MR (RBE) | RBE စက်ခေါင်းအရန်ပစ္စည်း (၇၈)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - တင်ဒါအမှတ်စဉ် (၁၊ ၂) (၃.၆.၂၀၂၂) (၁၄:၃၀)နာရီ
တင်ဒါအမှတ်စဉ် (၃ မှ ၁၂ ထိ) (၂၀.၆.၂၀၂၂) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၀.၅.၂၀၂၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994, 291985

## ရန်ကုန်တက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

(က) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာသင်တန်း
(ခ) အသုံးချစိတ်ပညာ ဒီပလိုမာသင်တန်း
(ဂ) အသုံးချရူပဗေဒ ဒီပလိုမာသင်တန်း
(ဃ) ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း
(င) ကုန်ထုတ်ဓာတုဗေဒ ဒီပလိုမာသင်တန်း
(စ) စာကြည့်တိုက်နှင့် သုတပညာ ဒီပလိုမာသင်တန်း
(ဆ) လူမှုရေးပညာဘွဲ့လွန် ဒီပလိုမာသင်တန်း

၂။ အထက်ပါ ဒီပလိုမာသင်တန်းများကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) အစိုးရဝန်ထမ်းနှင့် အခြားလုပ်ငန်းတွင် အလုပ်လုပ်သူဖြစ်ပါက ဌာန/လုပ်ငန်းဆိုင်ရာ အကြီးအကဲ(ညွှန်ကြားရေးမှူးချုပ် / ဦးဆောင်ညွှန်ကြားရေးမှူး)မှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရမည်။

၃။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဘာသာရပ်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

၄။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာနှင့် ကျောင်းဆောင်များဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် ၃-၆-၂၀၂၂ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ရန်ကုန်တက္ကသိုလ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ၏ e - Government လုပ်ငန်း (DMS, Auto Billing)များအတွက်လိုအပ်သော Computer Server နှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂၄.၅.၂၀၂၂) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၇.၆.၂၀၂၂)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂ -၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်းရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေဖြင့်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ် နှုန်းထားအတိုင်း (၂၄.၅.၂၀၂၂)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၇.၆.၂၀၂၂)ရက်နေ့၊(၁၄ း ၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Construction of Petroleum Products Quality Testing Laboratory (Mandalay)(60' x 40' x 32') (RC) (၂) ထပ် တည်ဆောက်ခြင်းလုပ်ငန်း (Apron & Drain ,အတွင်း ရေ+မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန်** - ၂၄-၅-၂၀၂၂ရက်၊ (အင်္ဂါနေ့)မှ ၆-၆-၂၀၂၂ရက် (တနင်္လာနေ့)ထိ ၉:၃၀နာရီမှ ၁၆:၀၀နာရီထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၇-၆-၂၀၂၂ရက်၊ (အင်္ဂါနေ့) ၊ ၁၄:၀၀နာရီ (ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။)

(ဂ) **တင်ဒါဖွင့်ဖောက် ကြေညာမည့်ရက်/နေရာ** - ပြန်လည်အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ရုံးဖုန်း -၀၂-၄၀၃၉၂၀၉၊ ၀၂-၄၀၆၉၆၅၀**
**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဟသာ်တခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်စဉ်-၂/၂၀၂၂-၂၀၂၃)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဟသာ်တခရိုင်လက်အောက်ရှိ မြို့နယ်များတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူပြီး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၅-၂၀၂၂ရက်မှ ၆-၆-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၆-၂၀၂၂ရက်၊ ၁၁:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၇-၆-၂၀၂၂ရက်၊ (အင်္ဂါနေ့)၊ ၁၃:၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟသာ်တခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟသာ်တမြို့။

၂။ လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ဟသာ်တခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးအရာရှိရုံးများတွင် ၂၆-၅-၂၀၂၂ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ဟသာ်တခရိုင်**
ဖုန်း-၀၄၄-၂၁၀၃၃၊ ၀၄၄-၂၂၇၄၆

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## တိရစ္ဆာန်အစားအစာ၊ ဆေးဝါးကုန်ကြမ်းနှင့်
## ထုပ်ပိုးပစ္စည်းများ အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်**

| | | |
|---|---|---|
| (၁) | **တိရစ္ဆာန်အစားအစာ(၃)မျိုး** | |
| - | မြင်းစာတောင့် | ၇၄၉ တန် |
| - | ကုလားပဲလုံး | ၄၀ တန် |
| - | ဂျုံဖွဲကြမ်း | ၂၄ တန် |
| (၂) | **ဆေးဝါးကုန်ကြမ်း(၆)မျိုး** | |
| - | Methanol | ၁၃၅၀ ဂါလန် |
| - | Glycerine | ၁၂၅၀၀ လီတာ |
| - | Orange Shellac(Local) | ၁၀၀၀ kg |
| - | Nature Green | ၄၈၀ kg |
| - | Ammonium Sulphate | ၁၀၀၀၀ kg |
| - | Hydrogen Peroxide | ၁၃၀၀ လီတာ |
| (၃) | Alcohol(96%) | ၂၅၀၀၀၀ လီတာ |
| (၄) | Plastic Bottle & Cap(aluminium top seal) | |
| - | 1/2 oz | ၁၂၉၀၀၀၀ စုံ |
| - | 1 oz | ၃၄၆၀၀၀၀ စုံ |
| - | 2 oz | ၂၅၅၀၀၀၀ စုံ |
| - | 3 oz | ၁၅၇၀၀၀၀ စုံ |
| (၅) | PET Container with Sticker Label & Aluminium Cap For Cal-D Glucose (450gm) | ၁၇၁၀၀၀ စုံ |

၂။ **တင်ဒါဖွင့်ပိတ်ရက်** - ၂၀-၅-၂၀၂၂ ရက်မှ ၃-၆-၂၀၂၂ ရက်

၃။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)

၄။ **တင်ဒါပေးသွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **တယ်လီဖုန်းအမှတ်** |
| **စက်မှုဝန်ကြီးဌာန၊** | ၀၆၇၃-၄၀၈၃၈၈ |
| **ရုံးအမှတ်(၃၇)၊ နေပြည်တော်** | ၀၆၇၃-၄၀၈၃၅၄ |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၃၃) (မြေရှင်ဒေါ်မြင့်မြင့်ကြည်) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်-၃၃ (၅လွှာ/B)၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအရ လွှဲပြောင်းရောင်းချခွင့်ရှိသူ မူလပိုင်ရှင် ဦးကျော်ဇော ၁၄/ဟသတ(နိုင်)၀၀၀၈၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လရီးခေါ်နဒင့် ၁/မကတ(နိုင်)၀၈၄၁၈၉သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းတိုက်အမှတ်-၃၃ (၅လွှာ/B)နှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားပြီးဆုံးသည်ထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အားစင်နူး (LL.B, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၁၆၈/၂၀၁၈)**
**အမှတ်(၂၂)၊ သံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၅၅၂၀၁၅၂၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မာဃလမ်း၊ မြေကွက်အမှတ်(၆၆၇/ခ)၊ အလျား(၂၀)ပေxအနံ (၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဦးကိုလေး ၁၂/ဗဟန(နိုင်)၀၅၈၁၃၉ အမည်ပေါက်ပိုင်ဆိုင်ပြီး ဖခင်ဖြစ်သူ ဦးကိုလေးမှ သမီးအရင်းဖြစ်သူ ဒေါ်ခိုင်သူဇာအေး ၁၂/ဗဟန(နိုင်)၀၀၃၅၆၉အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍ ဦးကိုလေး အမည်ပေါက်ပိုင်ဆိုင်သည့် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်လိုက်ပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုလေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်အောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၉၂၀၉)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

**တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုဗီနမ်အားကစားနည်းမှ ရွှေတစ်ခု၊ ကြေးတစ်ခု၊ လက်ဝှေ့အားကစားနည်းမှ ငွေတစ်ခု ထပ်မံဆွတ်ခူးရရှိ

နေပြည်တော် မေ ၂၂

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြို့အသီးသီးရှိ အားကစားကွင်း/အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ Soc Son အားကစားရုံ၌ ဗိုဗီနမ်အားကစားနည်းမှ

*စာမျက်နှာ ၁၃ ကော်လံ ၁* ❂

## သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ် ရောက်နိုင်

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန်

နေပြည်တော် မေ ၂၂

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ယနေ့ သတင်းအညွှန်း


**မက္ကဆီကိုသိပ္ပံပညာရှင်များ ပင်လယ်အတွင်း ဆီယိုဖိတ်မှုကို သန့်စင်သည့် နည်းပညာသစ်တွေ့ရှိ**

နိုင်ငံတကာသတင်း စာ - ၁၄

**ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ**

စာ - ၂၂

**ရာသီပိတ်ပွဲစဉ်တွင် ဗီလာအသင်းကို အနိုင်ရရှိပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားဆွတ်ခူး**

အားကစားသတင်း စာ - ၂၃


## ရွှေဘို-မန္တလေးကားလမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်များအား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးထိခိုက်ပျက်စီးကာ ခရီးသည်အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေဘို-မန္တလေးကားလမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်များအား မေ ၂၁ ရက် နံနက်ပိုင်းက PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး ထိခိုက်ပျက်စီးကာ ခရီးသည်အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့ ညောင်ပင်သာရပ်ကွက်နေ ဦးနေဇော်လတ်(၃၅)နှစ် မောင်းနှင်သည့် High Class ခရီးသည်တင်မော်တော်ယာဉ်သည် ခရီးသည် ၂၃ ဦး တင်ဆောင်ကာ မန္တလေးမြို့မှ ကလေးမြို့သို့ ရွှေဘို-မန္တလေးကားလမ်းအတိုင်းမောင်းနှင်လာစဉ် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ဝက်လက်မြို့နယ် လှတောကျေးရွာအဝင် ရွှေဘို-မန္တလေးကားလမ်းမကြီးမိုင်တိုင်အမှတ် ၅၅ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံအကြားအရောက်၌ လမ်း၏ယာဘက်ဘေးမှ အကြမ်းဖက်သမားများက လက်လုပ်မိုင်းသုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်၏ ရှေ့၊ ဝဲ၊ ယာ လေကာမှန်များ ကွဲအက်ကာ ယာဉ်ကိုယ်ထည်တို့ ထိခိုက်ပျက်စီးခဲ့ပြီး အဆိုပါယာဉ်ပေါ် လိုက်ပါစီးနင်းလာသည့် ခရီးသည် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

*စာမျက်နှာ ၂၆ ကော်လံ ၁* ❖